# သခင့်စကား
The LORD's Word

မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည့် ဝိညာဉ်ရေး ဂျာနယ်စောင်

ငါ့စကားသည် သင်တို့၌ တည်လျှင် သင်တို့သည် တောင်း ချင်သမျှကို တောင်း၍ ရကြလိမ့်မည်။
ယော ဟန် ၁၅း၇

အမှတ်စဉ် (၁၂၂) အောက်တိုဘာလ ၂၀၁၁ ခုနှစ် ဓမ္မဒါန (လစဉ်ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ဖြန့်ချိသည်)





**အပေါ်ယံအချစ်** ကေဟိုး(အင်းဝိုင်း) Dolue

ချစ်တယ်ဆိုတဲ့ စကားလေးတစ်ခွန်းနဲ့ ပါးလေးတစ်ဘက်ကို နမ်းတယ်။
လိမ်ညာလှည့်ဖြား နှုတ်ဖျားက ချစ်ခဲ့ ဖြူစင်နေတဲ့ နှလုံးလေးနဲ့
အပြစ်လို့ ဆိုစရာ လုံး၀ မရှိခဲ့။ အပေါ်ယံအချစ်နဲ့ လှည့်စားလို့ ချစ်ခဲ့။
ခရစ်တော်ရှင်ကို သူတပါးလက်ထဲ ယုဒရှကာရုတ်ဟာ ရောင်းစားခဲ့တယ်။
ငွေအသပြာ သုံးဆယ်တန် ဒီအနမ်းနဲ့ ပါးလေးတစ်ဘက်ကို
နမ်းပြပြီးတော့ ယဇ်ပုရောဟိတ်မင်းတို့ရဲ့ လက်ထဲ ယုဒရှကာရုတ် ခရစ်တော်ကို အပ်နှံခဲ့။
ခိုင်မြဲသော အချစ် သူပြောတော့ အရမ်းချစ်တယ်တဲ့။
ဒါပေမဲ့ သူ့အချစ်က မမြဲခဲ့ စင်ကာပူမှာ ငွေလည်ခြုံယူတတ်တဲ့သူမဟုတ်
အချစ်စစ်နဲ့ ချစ်မိသူကို နားလည်ပါ။



သူ့လိုလူကို ရှောင်ကြပါ။ ဖုန်းဆက်ပြီးတော့ ချစ်ခွင့်တောင်း
လေးငါးရက်နေ တွေ့ခွင့်တောင်း၊ တွေ့ခွင့် မရတော့ လမ်းခွဲပေါ့။
တွေ့မိလို့ကတော့ ဘ၀ပျက် မပေါ့။ ကျန်နေသူ ကြေကွဲပေမဲ့
ဘယ်တော့မှ ၀မ်းမနည်းခဲ့ တည်မြဲမှု မရှိတဲ့ အချစ်
ခံစားဖို့ နှလုံးသား မရှိ၊ ခံစားဖို့ရာ နှလုံးသားမှာ ခိုင်မြဲသော သခင့်ရဲ့ အချစ်ပါ။

---




**ဘ၀သစ်** မလေး(တပ်ကြီးကုန်းအသင်းတော်၊ မော်ဘီ)

ဇေရဲ့ ဘုရားစကား နားမထောင်ခြင်းကိုလဲ အပြစ် မတင်လိုပါ။
ဒါဝိဒ်ရဲ့ အတ္တကြီးတဲ့ စိတ်ကိုလဲ အပြစ် မတင်လိုပါ။
ရှံဆုန်ကြီးရဲ့ ဉာဏ်ပညာမဲ့မှုကိုလဲ အပြစ် မတင်လိုပါ။
ပေတရုကြီးရဲ့ ကိုယ်တော်ပေါ်ထားတဲ့ သံသယကိုလဲ အပြစ် မတင်လိုပါ။
(စကား နားမထောင်ခြင်း၊ အတ္တ ကြီးခြင်း၊ ဉာဏ်ပညာမဲ့ခြင်း၊ သံသယရှိခြင်း)
ငါ့မှာမှ ဒီ ရှိခြင်းများစွာနဲ့ တည်ဆောက် လမ်းမှားတွေလျှောက်
လမ်းပျောက်ခဲ့တဲ့ ငါ့ကို ကိုယ်တော်ရှင်က မပစ်ပယ်လို
လက်ကမ်းလို့သာ ဆွဲခေါ်တော့ ကိုယ်တော့်ရင်ခွင်ပေါ့။
နောင်တတွေနှင့် အသက်တာ ကိုယ်တော်ရှင်နှင့် လျှောက်လှမ်းကာ
သမ္မာတရားက ပဲ့ကိုင်တော့ ငါ့အနာဂါတ်ကလေး လှပပေါ့။



မလေး(တပ်ကြီးကုန်း) (ဝန်ခံချက် ။ စင်ကာပူရောက် ၄နှစ်ပြည့် အမှတ်တရ - -)

---



**မင်္ဂလာရှိသူ** Samuel Soe Lwin

အချိန်တွေရွေ့လျော ၊ ကာလ ဒီရေတောမှာ
နင်နဲ့ငါ ဗျာပါဒ မပွားဖို့ သမ္မာတရားကိုဆင်ခြင်
နေ့ရက်စဉ်သုံးတတ်လျှင်တော့ ဘေးဘယာ ဝေးကွာ
အသက်တာမှာ ကောင်းကြီးဖြာလို့
နင်နဲ့ ငါဟာ လောကအတွက် မင်္ဂလာပါ၊

---

**ပျော်ရွှင်ခြင်း၏လျှို့ဝှက်ချက်** ss.john ( NP )

တစ်နေ့မှာ သင်းအုပ်ဆရာတစ်ယောက်ဟာ ဘုရားသခင်နဲ့ စကားစမြည် ပြောနေရင်းနဲ့ မေးခွန်းတစ်ခု မေးလိုက်တယ်။ "သခင်" " ကောင်းကင်နဲ့ငရဲ ဟာ ဘယ်လို ကွာခြားသလဲဆိုတာ သိချင်ပါတယ်"။ အဲဒါနဲ့ ဘုရားသခင်ဟာ သူ့ကို တံခါးပေါက်နှစ်ပေါက်ဆီကို ခေါ်သွားပါတယ်။ ဘုရားသခင်ဟာ တံခါးတစ်ခုကို ဖွင့်လိုက်တယ်။ အဲဒီအခန်းရဲ့ အလယ်မှာ စက်ဝိုင်းပုံ စားပွဲတစ်လုံးရှိတယ်။ အဲဒီစားပွဲရဲ့ အလယ်မှာ အငွေ့တစ်ထောင်းထောင်း ထနေတဲ့ အိုးကြီးတစ်အိုး ရှိနေတယ်။ အနံ့ကလည်း အရမ်းမွှေးကြိုင်နေတာကြောင့် သင်းအုပ်ဆရာကိုတောင်မှ သွားရည်ကျသွားစေတယ်။ စားပွဲဝိုင်းကြီးရဲ့ ပတ်ပတ်လည်မှာ ထိုင်နေတဲ့ လူများဟာ ပိန်လိန်နေကြပြီး နာမကျန်း ဖြစ်နေကြတယ်။ သူတို့ဟာ အစာ မစားရလို့ ငတ်ပြတ်နေကြပုံ ပေါ်နေပါတယ်။ သူတို့ဟာ လက်တံအလွန်ရှည်သော ဇွန်းများကို ကိုင်ထားကြပြီး အိုးထဲမှ ဟင်းကို ခပ်စားနေကြပါတယ်။ ဒါပေမဲ့ ဇွန်းလက်ကိုင်ဟာ သူတို့လက်တံထက် ရှည်သောကြောင့် သူတို့ရဲ့ ပါးစပ်ထဲကို သူတို့ ပြန်ခွံ့ဖို့ အဆင်မပြေပါဘူး။ ခပ်သမျှ ဟင်းတွေ ပါးစပ်ထဲ မရောက်ပါဘူး။

သင်းအုပ်ဆရာဟာ အဲဒီ့ သူတို့ရဲ့ ဆင်းရဲပင်ပန်းနေသော မြင်ကွင်းကိုကြည့်ပြီး အရမ်းကို ကြောက်သွားပါတယ်။ ဘုရားသခင်က ပြောလိုက်တယ် "အသင် ငရဲကို မြင်ပြီးသွားပြီ "။ နောက်တစ်ခန်း သွားရအောင် လို့ပြောလိုက်တယ်။

သူတို့ဟာ အခြားအခန်းတစ်ခုကို သွားလိုက်ပြီး တံခါးကို ဖွင့်လိုက်တယ်။ အဲဒီ အခန်းဟာလည်း ပထမအခန်းနဲ့ အတူတူပါဘဲ။ စက်ဝိုင်းပုံ စားပွဲရဲ့အလယ်မှာ သင်းအုပ်ဆရာကို သွားရည်ကျစေသော အငွေ့ တစ်ထောင်းထောင်း ထနေသော အိုးကြီးလဲ ရှိနေတယ်။ အဲဒီက လူတွေလဲ အရင်လူတွေလို အရမ်းရှည်သော ဇွန်းကို ကိုယ်စီ ကိုင်ထားကြပါတယ်။ ဒါပေမဲ့ သူတို့အားလုံးဟာ အာဟာရ ပြည့်ဝနေပြီး ဝဖြိုးဖြိုးနဲ့ ရယ်မော ပျော်ရွှင်စွာနဲ့ စားသောက် စကားပြောနေကြပါတယ်။ သင်းအုပ်ဆရာက "ကျွန်တော် နားမလည်ဘူး" လို့ပြောလိုက်တယ်။ အဲဒါနဲ့ ဘုရားသခင်က ပြောလိုက် တယ်။ "ရိုးရိုးလေးပါဘဲ" " ဒါပေမဲ့ လျှို့ဝှက်ချက် တစ်ခုကို သိဖို့တော့ လိုအပ်တယ်" " အသင် မြင်တဲ့အတိုင်းဘဲ " အခု အခန်းက လူတွေဟာ အရင် အခန်းကလူတွေလို မပိန်ချုံးဘဲ ဝဖြိုးနေကြခြင်းက သူတို့ဟာ ပျော်ရွှင်ခြင်းရဲ့ လျှို့ဝှက်ချက်ကို ရှာဖွေတွေ့ရှိခဲ့ကြတယ်" "အဲဒါက ကိုယ့်ဇွန်းနဲ့ ကိုယ့်ကိုယ်ကို မခွံ့ဘဲ ကိုယ့်ဇွန်းထဲက အစာကို သူများ ပါးစပ်ထဲ ထည့်ပေးပြီး **တစ်ယောက်ကို တစ်ယောက် ခွံ့ကျွေးကြ လို့ဘဲ** "။ ။ ss.john ( NP )

---

**အိပ်မက်များ** အငယ်ဆုံးသူလေး

အိပ်မက်(၁) တစ်ညမှာ ကျမ အိပ်မက် မက်ပါတယ်။ တောင်ကုန်းပေါ်မှာ ဆောက်ထားတဲ့ အိမ်အကြီးကြီး တစ်လုံးကို တွေ့လိုက်တော့၊ ဒါ ဘယ်သူ့ အိမ်လဲလို့ မေးမိတယ်။ ဘေးနားမှာ မတ်တပ်ရပ်နေတဲ့ သူက အဲဒါ မင်းရဲ့ အိမ်လေတဲ့။ ကျမ က ဒီလို အိမ်အကြီးကြီးကို ဘယ်လို ဆောက်နိုင်မှာလဲ။ ကျမက အိမ်ဖော်ဘဲလေ။ ကျမက ပညာတတ်။ စီးပွားရေး ကို နားလည်တဲ့သူ မဟုတ်ဘူး။ ချမ်းသာကြွယ်ဝတဲ့ အသိုင်းအဝိုင်းထဲက မဟုတ်ဘူးလို့ ပြောလိုက်တော့၊ အဲဒါ မင်းအိမ်မှ မင်းအိမ် အစစ်ပါလို့ ထပ်ပြောပါတယ်။ ကျမ အံ့ဩ ဝမ်းသာလွန်းလို့ ဘေးနားမှာ ရှိနေတဲ့ သူတွေကို လာကြပါ၊ ကျမရဲ့ အိမ်မှာ လာနေကြပါလို့ ဝမ်းမြောက် ဝမ်းသာ ဖိတ်ခေါ်နေမိပါတယ်။(ငါ့ အဘ၏အိမ်တော်၌ နေစရာ အခန်း အများရှိ၏)

အိပ်မက်(၂) အိပ်မက်ထဲမှာ ခရစ်တော် ကြွလာပြီ။ ကမ္ဘာလူသားတွေက လောက ဝမ်းမြောက် ဘုရားကြွလာ သီချင်းကို ကိုယ့်ဘာသာစကားနဲ့ ကိုယ် ဆိုနေကြပါတယ်။ ကျမလဲ ကရင်လို အားရပါးရ သီဆိုပြီး ခရစ်တော် ဆင်းသက်လာတဲ့ နေရာကို ပြေးသွားရင်း ရင်ထဲမှာ တကယ် အားရဝမ်းမြောက်မိပါတယ်။ အခုအချိန်သာ ခရစ်တော် ဒုတိယအကြိမ် ကြွလာခဲ့ ရင် ကျမ ချက်ခြင်း သူ့ဆီပြေးသွားမှာ သေချာတယ်။ (ငါသည် အလျင်အမြန် လာမည်။ ဗျာ ၂၂း၇)

အိပ်မက်(၃) ကျမ်းပိုဒ် အများကြီးကို အလွတ်ရွတ်ပြီး အဖြေစာရွက်ပေါ်မှာ မေးခွန်းများကို ဖြေရပါတယ်။ ကိုယ့်စိတ်ထဲမှာ ဖြေချင်တဲ့ အဖြေတွေက များနေလို့ စာရွက်ပေါ်မှာ ရေးချရတာက သိပ်ပြီး မပြည့်စုံဘူးလို့ သိနေတယ်။ ဒါပေမဲ့ နှလုံးသားထဲမှာ၊ စိတ်ထဲမှာ ပြောချင် ဖြေချင်တာကို ရေးချပြလို့ မရဘူး။ စာရွက်အဖြေကို ကြည့်တဲ့သူက မင်းအဖြေတွေအားလုံးကို ငါ့စိတ်ထဲမှာ ထိတွေ့တယ်တဲ့။ သူဆိုလိုချင်တဲ့ အဓိပ္ပါယ်က စာရွက်ပေါ်မှာ ရေးချ ပြတာထက် နှလုံးသား စိတ်ထဲမှာ ရှိတဲ့အဖြေကို သူ တိတိကျကျ သိမြင်နေတယ်။

လူသားအားလုံးကို ချစ်တဲ့ - အငယ်ဆုံးသူလေး

---

**အသက်ရှင်တော်မူသောဘုရား** (ယုံကြည်သူ-ခေတ္တစင်ကာပူ)

ကျမက ဗမာ (-)ဘာသာဝင်တစ်ဦး ဖြစ်ပါတယ်။ ကျမ အမျိုးသားအားဖြင့် ယုံကြည်သူ ဖြစ်လာတဲ့သူ ဖြစ်ပါတယ်။ ကျမ အမျိုးသားက နေ့တိုင်း ကျမကို ဆာလံကျမ်းနဲ့ အခြား ကျမ်းပိုဒ်တွေကို ရွတ်ပြပြီး ဘုရားသခင် အသက်ရှင်တဲ့အကြောင်း သက်သေခံ ပြောပြပါတယ်။ ဘုရားရှင် အသက်ရှင်ကြောင်း ကျမ ကိုယ်တိုင် မတွေ့ကြုံ ဖူးတော့ သူပြောပြတဲ့ စကားကို ကျမ မယုံတစ်ဝက် ယုံတစ်ဝက်ပါဘဲ။ မြန်မာပြည်မှာ ရှိနေစဉ် ကျမရဲ့ ဆန္ဒက စင်ကာပူနိုင်ငံ လူအိုရုံတစ်ခုခုမှာ သာနာပြုအဖြစ် အလုပ်လုပ်ဖို့ စိတ်ကူးထားမိပါတယ်။ စိတ်ကူးထားတဲ့အတိုင်း ဆုတောင်းပြီး အလုပ်ရှာ ပေးနိုင်မဲ့ ပွဲစားကို ရှာနေမိပါတယ်။ အဆင်ပြေချင်တော့ ပွဲစားနဲ့ တွေ့မိပြီး စင်ကာပူကို ၂၀၀၉ မှာ ထွက်လာ နိုင်ခဲ့


ပါတယ်။ ကျမရဲ့ သူနာပြု အောင်လက်မှတ်နဲ့ ကျမရဲ့ ဆန္ဒကို ပွဲစားကို ပြောပြတော့ သူနာပြု အလုပ်ကို ရှာပေးမယ်လို့ ပွဲစားက ပြောပြီး ကျမ စင်ကာပူကို ရောက်လာခဲ့ပါ တယ်။ ဒီရောက်တော့ ဆေးရုံတို့ လူအိုရုံတို့မှာ အလုပ် မလုပ်ရဘဲ သုံးထပ်တိုက် အကြီးကြီးမှာ အလုပ်လုပ်ဖို့ ပွဲစားက စီစဉ်ပေးပါတယ်။ ပွဲစားက ကျမကို လိမ်သွားတာ ပေါ့နော်။ အဲဒီ အိမ်ကြီးမှာ ကျမ တစ်ကိုယ်လုံး ကိုက်ခဲနာကျင်နေအောင် ပင်ပန်းခက်ခဲစွာ အလုပ် လုပ်ခဲ့ရပါတယ်။ နေ့တိုင်း ကျမ်းစာလေးတွေ ရွတ်ပြီး အလုပ် လုပ်ခဲ့ရပါတယ်။ ပင်ပန်းလွန်းလို့ ညဘက် အိပ်ယာဝင် ဆုတောင်းရင်တောင် ထိုင် ဆုမတောင်းနိုင်ဘဲ အိပ်လျက် အနေအထားနဲ့ တောင်းရတဲ့ အခြေထိ ရောက်ခဲ့ပါတယ်။ ဒီအလုပ်က ကျမနဲ့ မထိုက်လို့ ထင်ပါတယ်။ တစ်ပါတ်အကြာမှာ ကျမ ပွဲစားအိမ် ပြန်ပို့ခံထိတယ်။ အိမ်ရှင်တွေ လိုချင်တာက ထွားထွားကြိုင်းကြိုင်း သန်သန်မာမာတဲ့။ ကျမက ပိန်သေးနေလို့လေ။ တစ်ပါတ် အတွင်း ကျမ လက်တွေ စုတ်ပြတ်သတ်ကုန်လို့လေ။ ပွဲစားအိမ် ပြန်ရောက်ပြီး တစ်ပါတ်ကြာတော့ နောက် အလုပ်ရှင် တစ်ယောက်ထပ်ရလာတယ်။ မြန်မာ အလုပ်သမ လိုချင်တယ်လို့ ပြောတဲ့အခါ အဲဒီ ပွဲစားအိမ်မှာ ကျမတစ်ယောက်တည်း မြန်မာ ဖြစ်နေ တော့ ကျမ ချက်ခြင်း အလုပ်ရသွားပါတယ်။ သူကတော့ အရင် အိမ်ထက် ပိုကောင်း တယ်လို့ ဆိုရမယ်။ သူဌေးတွေက တရုတ်တန်းမှာ ဆိုင်ဖွင့်ထားတယ်။ သူတို့ ဆိုင် နောက်လေးမှာ အိမ်ရှင်တွေက တစ်ခန်း၊ ကျမ က တစ်ခန်းနေရပါတယ်။ အိမ်မှု ကိစ္စ သိပ်လုပ်စရာ မလိုပါဘူး။ သူတို့ မွေးထားတဲ့ ၃နှစ်နဲ့ ၂နှစ်အရွယ် ကလေး မိန်းကလေး ၂ယောက်ကို ထိန်းရတာ တော်တော်ခက်ပါတယ်။ ဆိုင်မှာ လူကျလာရင် ကလေး နှစ်ယောက်ကို လက်ဆွဲပြီး china town က လမ်းတကာမှာ လမ်းလျှောက်ပြီး ကလေး လိုက်ထိန်း နေရပါတယ်။ အဲဒီအိမ်မှာ နေတုံး အဆင်ပြေကာစမှာ ကျမ တစ်ကိုယ်လုံး အလှ့ဂျစ် အယားဖုတွေ ပေါက်ပြီး အရေပြားရောဂါ စရလာပါတယ်။ ပါလာသမျှ ဆေးလေးတွေ သောက်ပြီး သက်သာအောင် လုပ်။ ဆေးခန်း သွားပြတော့လဲ ပိုက်ဆံ ကုန်တော့ သူဌေးက ငြိုငြင်လာပါတယ်။ သောက်ဆေး လိမ်းဆေးတွေ လိမ်းတော့ သက်သာပေမဲ့ ဆေးကုန်ရင် ရောဂါ ပြန်ထ လာတော့ လုံးချာလည် လိုက်နေတော့တာပါဘဲ။

သူဌေးက ဆေးဖိုး မပေးနိုင်တော့ဘူးဆိုပြီး ကျမကို ပွဲစားအိမ်ပြန်ပို့ပါတယ်။ အဲဒီအချိန်မှာ ကျမ ဘုရားသခင်ဆီမှာ အသည်းအသန် ဆုတောင်းပါတယ်။ ကျမ မှာ ရှိတဲ့ ရောဂါကြောင့် အလုပ် ခနခနပြောင်းနေရတယ်။ ဘုရားသခင် ကယ်မပါ။ ကျမရဲ့ အပြစ်ကို လွှတ်တော်မူပါလို့ ဆုတောင်းခံခဲ့ပါတယ်။ အလုပ် ခနခန ပြောင်းနေရတော့ ပွဲစားကို လုပ်ကျွေးသလို ဖြစ်နေပြန်ပါတယ်။ ဘုရားသခင်က ကျရဲ့ ဆုတောင်းသံကို နားညောင်းပါတယ်။ အလုပ်နောက်တစ်ခု ထပ်ရပါတယ်။ အသက် ၉၀ ရှိတဲ့ အဖွားအိုကို ပြုစုတဲ့ အခု အလုပ်ပါ။ အဖွားရဲ့ အညစ်အကြေးတွေ သန့်စင်ပေးပြီး။ အဖွားကို နေ့စဉ် ထိန်းရတဲ့ အလုပ်ပါ။ အဖွားနဲ့ အတူတူ အိပ်၊ အတူတူစား၊ အတူတူသွားရပါတယ်။ အဖွားက အသက် အရမ်းကြီးနေတော့ တွန်းလှည်းနဲ့ဘဲ သွားရပါတယ်။ အဖွားအိပ်ရင် ကျမလဲ အိပ်ရတာ ဆိုတော့ ဒီအိမ်မှာနေရတာ အစားမှန် အအိပ်မှန်ပြီး အဆင်ပြေပါတယ်။ အရေပြားရောဂါက မပျောက်သေးတော့ ဘာမီတွန် အမြဲစားနေရလို့ လူက ဆေးအရှိန်နဲ့ တချိန်လုံး မူးနောက်နောက် အိပ်ငိုက်နေတတ်နေပါတယ်။ ကျမ ရောဂါပျောက်ဖို့ အသည်းအသန် ဆုတောင်းပါတယ်။ ၃ ကြိမ်တိတိ ရောဂါပျောက်ဖို့ ဆုတောင်းပါတယ်။ ရောဂါပျောက်ရင် လူရှေ့မှာ သက်သေခံပါ့မယ်လို့ ကတိပေးခဲ့ပါတာယ်။ အရမ်း အံ့ဩဖို့ ကောင်းပါတယ်။ ကျမရဲ့ အရေပြားရောဂါ ပျောက်သွားပါတယ်။ အရမ်းဝမ်းသာခဲ့ပါတယ်။ ရောဂါ ပျောက် သွားတော့ ကျမ စိတ်ပေါ့ပါး သွားတယ်။ ခန္ဓာကိုယ်လဲ သွက်သွက်လက်လက် ဖြစ်သွားပါတယ်။

ရောဂါ ပျောက်သွားတော့ ကျမ ဘုရားသခင်ကို ပေးထားတဲ့ ကတိကို မေ့သွားပါ တယ်။ နေ့တိုင်းတော့ ကျမ်းစာဖတ် ဆုတောင်းဖြစ်ပါတယ်။ တစ်နေ့မှာတော့ ကျမ ဘုရားသခင်ကို ပေးထားတဲ့ ကတိကို ဘုရားက အသိပြန်ပေးပါတယ်။ တစ်နေ့ ကျမနဲ့ အဖွား ဂျူရောင်းအိစ် ဘူတာရုံနားက စားသောက်ဆိုင်မှာ အစာစားပြီး အပြန်မှာ မိုးတွေ တအား ရွာလာပါတယ်။ လမ်းဖြတ်အကူးမှာ ကားတစ်စီးနဲ့ ကျမ တွန်းလာတဲ့ အဖွား ရဲ့ တွန်းလှည်း တိုက်မိပြီး လှည်းလွင့်ထွက်သွားပါတယ်။ ကျမ မျက်လုံးတွေ ပြာသွားပါတယ်။ အဖွား ခြေထောက်ကျိုးသွားရင် ကျမ အလုပ်ပြုတ်ပြီး ဒုက္ခရောက်မှာ တွေးပူပြီး ဘာလုပ်ရ မှန်း မသိတော့ပါဘူး။ နောက်မှ အဖွားရဲ့ အသံကြားလို့ သတိပြန်ဝင် လာခဲ့ပါ တယ်။ အဖွား ခြေထောက် ဘာမှ မဖြစ်ပါဘူး။ အိမ်ပြန်ရောက်လို့ သူဌေးမ ပြန်လာရင် အဆူခံ ထိမှာ တွေးပြီး ကျမ်းစာတွေ ရွတ်နေမိပါတယ်။ ညနေကျတော့ သူဌေးမ ပြန်လာတဲ့ အခါ အဖွားက ပြန်ပြောပြတော့ သူဌေးမ က ကျမကို မဆူပါဘူး။ နောက်တစ်ခါ အဲဒီလို ဖြစ်ရင် ကားနံပါတ် မှတ်ထား။ ရဲစခန်း တိုင်လို့ရတယ်။ ကားတိုက်ခံရတဲ့ သူကို ဆေးကုဖို့ ကားသမားက ပြန်လျော်ပေးဖို့ တရားစွဲလို့ရတယ်လို့ သင်ပေးပါတယ်။

အဲဒီတော့မှ ကျမ သတိ ပြန်ဝင်လာပါတယ်။ အရေပြားရောဂါ ပျောက်တာကို သက်သေမခံ ကတိဖျက်ခဲ့တဲ့ ကျမကို ဘုရားသခင်က ကားတိုက်မှုနဲ့ သတိပြန်ပေးပါတယ်။ ဘုရားကျောင်း တက်ခွင့်မရ၊ ခွင့်ရက် မရှိတဲ့ ကျမ အတွက် သခင့်စကားနဲ့ဘဲ သက်သေခံ လိုက်ပါတယ်။ ဒီသခင့်စကား စာစောင်ကလဲ ကျမ အရင် အလုပ် လုပ်သွားတဲ့ မဉမ္မာ ဆိုတဲ့ အစ်မ တစ်ယောက်ကို ဆရာတစ်ယောက်က သုံးလ တစ်ခါ ပို့ပေးတဲ့ စာစောင်လေး ဖြစ်ပါ တယ်။ မဉမ္မာ ပြန်သွားပေမဲ့ စာစောင်လေးနဲ့ နေ့စဉ်ခွန်အား စာအုပ်လေးက သုံးလ တစ်ခါ ကျမ အိမ်ကို သူ့နာမည်နဲ့ ရောက်လာတိုင်း ကျမ ဖတ်ခွင့်ရတဲ့အတွက် စာစောင် ထည့်ပေးတဲ့ ဆရာနဲ့ အယ်ဒီတာကို အထူးကျေးဇူးတင်ပါတယ်။ ကျမ အတွက် လစဉ် စာစောင် လေး တွေပို့ပေးဖို့နဲ့ အရာရာတိုင်းမှာ ဘုရားသခင်ဟာ ကူညီ မစပြီး အသက်ရှင် တယ် ဆိုတာ ကျမ ကိုယ်တိုင် လက်တွေ့ ခံစားရတဲ့ ဘုရားသခင် ကောင်းမြတ် ကြောင်းကို သက်သေခံ ရေးသားလိုက်ပါတယ်။ ဆာလံ ၁၀၃း၂-၄ အို ငါ့ဝိညာဉ် ထာဝရ ဘုရားကို ကောင်းကြီးပေးလော့။ ကျေးဇူးတော် အပေါင်းကို မမေ့လျော့နှင့်။ ॥ (ယုံကြည်သူ )

---



## သက်သေခံချက် ၂ (ကဲကဲ-မြောင်းမြ)

လွန်ခဲ့သော လက သက်သေခံခဲ့တဲ့ ကျမ အသက်တာမှာ ခံစားရတဲ့ ကောင်းကြီး လေးတွေကို ဆက်လက်ပြီး သက်သေခံပါရစေ။ ကျမရဲ့ မိသားစုအကြောင်း သက်သေခံ လိုပါတယ်။ ကျမဟာ သူများ မိသား စုတွေ ပြုံးပျော်နေရင် အရမ်း ကြည်နူးပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ကျမ တို့ မိသားစုဟာ မပျော်နိုင်တဲ့ နေ့ရက်တွေ ရှိနေလို့ပါဘဲ။ ကျမဟာ တနင်္ဂနွေ နေ့ရောက်ရင် အရမ်းပျော်ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ကျမရဲ့ အဖေဟာ တနင်္လာနေ့ ကနေ စနေနေ့အထိ တစ်ပါတ်လုံး အရက်သောက်ပြီး မူးရူးနေတတ်ပါတယ်။ အမေ့ ကိုလဲ ဆူပူ ကြိမ်းမောင်း ရိုက်နှက်တတ်ပါတယ်။ ဒါပေမဲ့ တနင်္ဂနွေနေ့ ရောက်ရင် တော့ အရက်မသောက် အမူးပြေပြီး ဘုရားကျောင်းမှာ အမေနဲ့ အတူတူ ကွာယာ ဆိုလေ့ ရှိပါတယ်။ အဖေက တဲနာ။ အမေက အယ်လ်ထို ဆိုရင် အရမ်း နားထောင်လို့ ကောင်းပါ တယ်။ အဖေက မူလတန်းကျောင်းအုပ်ဆရာကြီး ဖြစ်သလို ဘုရားကျောင်းမှာလဲ လက်ထောက် အသင်းလူကြီးလဲ ဖြစ်ပါတယ်။ သူ အရက်သောက်ရတဲ့ အကြောင်းရင်း ရှိပါ တယ်။ ဘာဖြစ်လို့လဲဆိုတော့ အဖေဟာ အမေ့ကို အရမ်းချစ်ပါတယ်။ ရင်နာနာနဲ့ ချစ်တယ် လို့ ဆိုရပါတယ်။ အဖေ အရက်သောက်တာကို ကျမ အပြစ်မမြင်ပါဘူး။ အဖေဟာ အမေ့ကြောင့် အရက်သောက်တာ ဖြစ်ပါတယ်။ အမေဟာ ကျမ်းစာကျောင်းအောင်ထား သလို အသင်းတော်က ဆန်းဒေးစကူးလ် ဆရာမလဲ ဖြစ်ပါတယ်။ အမေဟာ အပျိုဘဝတုံးက အမှားတစ်ခုပြုလုပ်ဖူးပါတယ်။ ကျမတို့ မောင်နှမတွေထဲက တစ်ယောက် ယောက် အပြင်း ဖျားနာတဲ့အခါ အမေက ဆုတောင်း အပြစ် ဝန်ချလိုက်ရင် ရောဂါ ပျောက်သွား တတ်ပါ တယ်။ အမေ့ရဲ့ သားသမီးအပေါ် ချစ်တဲ့ မေတ္တာဟာ အတုယူစရာ ဖြစ်ပါတယ်။ ကျမဘဝ အကြောင်း သက်သေခံရရင် စင်ကာပူ မလာခင်တုံးက မြန်မာပြည်မှာ ကျမ ရည်းစား ထားခဲ့ဖူးပါတယ်။ စင်ကာပူ ရောက်တော့ ရည်းစား မထားအားတဲ့ ဘဝပါ။ စင်ကာပူမှာ ၃နှစ် နေပြီးလို့ မြန်မာပြည်ကို အလုပ်ပြောင်းဖို့ ပြန်သွားတဲ့အချိန်မှာ ၁၀ လ ကြာခဲ့တဲ့ အတွက် ကျမ နောက်ထပ်ရည်းစား တစ်ယောက် ထပ်ထားမိခဲ့ပါတယ်။ အဲဒီ ရည်းစားက ကျမ စင်ကာပူ မပြန်ခင် တစ်နေရာရာသွားလည်ရအောင် လိုက်ခဲ့ပါ ဆိုပြီး သွေးဆောင်တော့ ကျမလဲ အမှုမဲ့ အမှတ်မဲ့ လိုက်သွားမိပြီးမှ မှားမှန်းသိသွားတယ်။ သူက ကျမကို ပေါက်ကရ လုပ်မလို့ ကြိုတင်ကြံစည်ထားတာလေ။ ကျမ သူ့နောက် လိုက်မိတဲ့ အတွက် နောင်တ ရမိပါတယ်။ ဘဝ မပျက်အောင် ဘုရားသခင်ဆီ ဆုတောင်းခဲ့ရပါတယ်။ ကျမ အမေလို မမှားအောင် ကျမလို အလွယ်တကူ ရည်းစားစကား နားထောင်ပြီး ဘဝ မပျက်အောင် မိတ်ဆွေ ညီအစ်မများကို သတိပေး သက်သေခံလိုက်ပါတယ်။ ॥

ကဲကဲ (မြောင်းမြ)

---



## ဗန်ကောက်မြို့မှ သက်စမ်းရေ မင်းဟသ်ာ(အင်းစိန်)

ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ ကိုးစားလော့ ----- သုတ္တံ ၃း၅-၆

ဤစာမူသည် ၂၀၀၉ ခုနှစ် စက်တင်ဘာလ သခင့်စကား စာစောင်တွင် ပါရှိခဲ့ပြီး ဖြစ်သော ကျနော်၏ “ စင်ကာပူမှ ငိုရှိုက် ချီးမွမ်းသံ ” သက်သေခံချက်၏ တစ်စိတ် တစ်ဒေသ ဖြစ်ပါသည်။ ကျနော် သည် လက်ရှိ တာဝန် ထမ်းဆောင်နေသော (--) ဦးစီးဌာန ၏ ဆက်သွယ်ရေး အရာရှိ ရာထူးမှ နုတ်ထွက်ကာ နိုင်ငံခြားသင်္ဘောပေါ်တွင် ရေဒီယို ဆက်သွယ်ရေး တာဝန်ခံ အဖြစ် အလုပ်ရှာဖွေ လုပ်ကိုင်ရန် မြန်မာပြည်မှ ဗန်ကောက်မြို့သို့ အမေရိကန်ဒေါ်လာ ၁၀၀ မပြည့်တတ်သော ငွေစအနည်းငယ် ဖြင့် ယုံကြည်ခြင်း အပြည့် ဖြင့် ထွက်လာ ခဲ့ပါသည်။ အများစု အလုပ်ရှာဖွေသူများမှာ နိုင်ငံခြားသို့ ကြိုတင် ရောက်နှင့် နေသော ဆွေမျိုး သူငယ်ချင်းများ၏ အကူအညီဖြင့် စားဝတ်နေရေး ပြဿနာ ဖြေရှင်း တတ်သော်လဲ ကျနော့မှာ ဆွေမျိုးညာတိ မရှိဘဲ ဘုရားအားကိုးဖြင့် ထွက်လာခဲ့ပါသည်။ ဗန်ကောက်မြို့တွင် တစ်နေ့ ဘတ်၁၀၀ နှုန်းဖြင့် အိမ်ငှားစားသော မိတ်ဆွေတစ်ဦးအိမ်တွင် ခေတ္တ နေထိုင်ရင်း အလုပ်ရှာခဲ့ပါသည်။ ပွဲစားခ ပေးရန် အမေရိကန်ဒေါ်လာ ၁၀၀၀ ခန့် လိုအပ်သောကြောင့် အမေရိကန် နိုင်ငံရှိ ကျနော့် မိန်းမ၏ သူငယ်ချင်းထံ ဖုန်းလှမ်းဆက်ပြီး ငွေချေးခဲ့ပါသည်။ ကျနော် ဖုန်းဆက်ချိန်တွင် အမေရိကန်တွင် အချိန် ညသန်းခေါင်ကျော်



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၂၂ အောက်တိုဘာလ ၂၀၁၁ ခုနှစ်။
နိုင်ငံတကာ ရှိ မြန်မာခရစ်ယာန် အသင်းတော်များအတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

၃နာရီ ဖြစ်နေရာ သူငယ်ချင်း မှ ဘယ်သူက သေရေးရှင်ရေး ဖုန်းဆက်သလဲ မသိဘူး ဆိုသော အထင်ဖြင့် အိပ်ချင်မူးတူးခြင့် ဖုန်းကို ကိုင်ခဲ့ပါသည်။ ကျနော်က ငွေချေးသောအခါ ပို့ပေးမယ်ဟု ပြောခဲ့ပါသည်။ ကျနော့်စိတ်ထဲတွင် မိန်းမ၏ သူငယ်ချင်းသည် ည အိပ်ရေး ပျက်မည် စိုးကာ နှစ်သိမ့်သည့် သဘောဖြင့် ပေးမည်ဟု လွယ်လွယ်ပြောမည် ထင်ခဲ့သော်လည်း နောက်၂ရက်အကြာတွင် ကျနော်၏ ဘဏ်အကောင့် ထဲသို့ အမေရိကန် တစ်ထောင်နှင့် တန်သော ထိုင်းဘတ်ငွေ ၂၅၀၀၀ ကျော် ရောက်ရှိနေခဲ့ပါသည်။ ဘုရားသခင်သည် အသက်ဆက်ရန် သက်ဆက်ရေ တိုက်ခဲ့ပါသည်။ ငါပေးသော ရေကို သောက်သော သူသည် ရေငတ်ခြင်းနှင့် အစဉ်မပြတ် ကင်းလွတ်လိမ့်မည်ဆိုသော ရှိမာရိ ရေတွင်းနားတွင် သခင်ယေရှု ပြောခဲ့သော စကားကို ပြန်ကြားယောင်မိပါသည်။ ယော ၄း၁၄။ ကျနော်၏ မိတ်ဆွေ ပေးပို့သော ငွေအားဖြင့် နောင်တွင် မည်သည့် ပြသနာမှ မပေါ်တော့ဟု ယုံကြည်မိပါသည်။

သို့သော် ရေဒီယိုအရာရှိများ၏ လစာမှာ အမေရိကန် ဒေါ်လာ ၁၅၀၀ ခန့် ရတတ် သဖြင့် ပွဲစားခ တစ်လစာ ပေးရတတ်သောကြောင့် လက်ရှိရထားသော ၁၀၀၀ နှင့် မလောက်ပါ။ နောက်ထပ်လိုသော ငွေကို ကျနော်နှင့် ယခင်က အလုပ်အတူတူ လုပ်ခဲ့ဖူးသော မန်နေဂျာဟောင်း ကနေဒါလူမျိုး သူငယ်ချင်း တစ်ယောက်ထံ ဖုန်းဆက် အကူအညီ တောင်းခံခဲ့ပါသည်။ ကနေဒါ လူမျိုးများက မိတ်ဆွေများထံ ငွေ မချေးငှား တတ်သည်ကို သိထားသော်လဲ ဘုရားအားကိုးနှင့် အရဲစွန့်ကာ အကူအညီတောင်းသော အခါ မကြာခင် ထိုမိတ်ဆွေထံမှ နောက်ထပ်ငွေ ရရှိခဲ့ပြန်ပါသည်။ ကျနော်တို့ ရေဒီယို အရာရှိများသည် ဗန်ကောက်။ ဟောင်ကောင်၊ ကိုးရီးယားနိုင်ငံများတွင် အလုပ် အလွယ် တကူ ရတတ်သောကြောင့် အရေးကြုံလျှင် ကိုးရီးယားနိုင်ငံသို့ပါ ခရီး ထွက်ရမည် ဖြစ်သောကြောင့် နောက်ထပ် အသိတစ်ယောက်ဖြစ်သော အမေရိကန်လူမျိုး အင်ဂျင်နီယာ တစ်ယောက်ထံ ငွေထပ်ချေးပြန်ပါသည်။ သူက ငွေချေးငှားခြင်းသည် မိတ်ဆွေကောင်းကို ဆုံးရှုံး စေသည်ဟူသော အင်္ဂလိပ် စကားပုံတစ်ခုကို ရွတ်ပြကာ ငွေ မချေးနိုင်ကြောင်း လိုအပ်လျှင် ငွေပေးမည်ဖြစ်ကြောင်း ပြောရာ ငွေ ၃၀၀ ခန့် ပေးပါရန် ကျနော် ပြန်ပြောခဲ့ပါသည်။ သို့သော် လုံး၀ ထင်မှတ် မထားပါဘဲ နောက်၂ရက်အကြာတွင် သူက ငွေ တစ်ထောင် ထပ်ပို့ပေးလိုက်ပါသည်။ ယခုအခါ ကျနော့်တွင် အမေရိကန် ဒေါ်လာ ၃၀၀၀ နှင့် ညီမျှသော ထိုင်းဘတ်ငွေများ ရှိနေသဖြင့် ကျနော် အားရမိပါသည်။ ရေဒီယို အရာရှိ လစာ မှာ တစ်လလျှင် အမေရိကန် ၁၅၀၀ - ၂၀၀၀ ရတတ်သဖြင့် အလုပ် ရလျှင်ရချင်း ၆လ အတွင်း ပြန်ဆပ်ပေးနိုင်မည်ဟု မျှော်လင့်မိပါသည်။ ကျနော် လိုအပ်သော ငွေကို အမေရိကန်၊ ကနေဒါ လူမျိုးများထံမှ မမျှော်လင့်ဘဲ ရရှိခဲ့ခြင်းသည် ယခင်က ကျနော် သူတို့နှင့် အတူတူ အလုပ်လုပ်စဉ်က ငွေရလျှင်ပြီးရော ဆိုသည့် သဘောဖြင့် မလုပ်ဘဲ၊ လူ၏အမှုကို သာ ဆောင်ရွက်သကဲ့သို့ မဟုတ်။ ဘုရားသခင်၏ အမှုကို ဆောင်ရွက်သကဲ့သို့ ပြုလေသမျှ တို့၌ စေတနာစိတ်ဖြင့် ပြုခဲ့သော (ကော ၃း၂၃) ကျနော်၏ ရလဒ်များပင် ဖြစ်ပါသည်။

ရိုးသားကြိုးစားစွာ စိတ်ပါကိုယ်ရောက် အားကြိုးမာန်တက် လုပ်ခဲ့သော လုပ်ရပ်များကြောင့် အနောက်နိုင်ငံသားများထံမှ မိမိတို့၏ ဓလေ့ထုံးစံကို ပယ်ကာ စိတ်စေတနာ ယိုဖိတ်လျှက် ကျောက်ခဲမှ ရေစိမ့် ထွက်လာသကဲ့သို့ သက်ဆက်ရေ စီးထွက်လာခြင်း ဖြစ်ကြောင်း ဤသက်ဆက်ရေသည် ကျနော် အတွက် ဆိုလျှင် သက်စမ်းရေပမာ ယခုအချိန် ကိုယ်ခန္ဓာ အသက်ဆက်ရန် ဖြစ်သော်လည်း၊ နောင်တချိန်မှာ ၀ိညာဉ်၏ ကယ်တင်ခြင်း စိတ်ချမှုအတွက် ဖြစ်ကြောင်း ရိုးသားစွာ ဘ၀နှင့် ရင်းခဲ့ရသော ကိုယ်တော်ရှင်၏ ကျေးဇူးတော်။ ကရုဏာတော် ကောင်းမြတ်ခြင်းများကို သက်သေခံ ဝေမျှရင်း ဖတ်ရှုသော ညီအစ်ကို မောင်နှမ အယောက်စီတိုင်းသည် သက်စမ်းရေကို ဘ၀တစ်လျှောက်လုံး အစဉ်မပြတ် သောက်ရပါစေကြောင်း ဆုတောင်းလိုက်ပါသည်။ မင်းဟ်သာ (အင်းစိန်)

(မှတ်ချက်။ မိတ်ဆွေ သုံးဦးထံမှ ၁၉၉၄ မေလတွင် ချေးယူခဲ့သော ငွေကို ၁၉၉၅ ဇန္နဝါရီလ အလုပ် ရပြီးနောက် ယင်းနှစ်မကုန်ခင်မှာပင် အားလုံး ပြန်ပေးဆပ်နိုင်ကြောင်း ဖော်ပြအပ် ပါသည်။)

---

## သခင်ဘုရားပေးတဲ့အမွေ F-penny

ဆာ ၁၂၇း၃ ဖွားမြင်သော သားသမီးတို့သည် ထာဝရဘုရား ဆုချ ပေးသနား သော အမွေဥစ္စာဖြစ်ကြ၏။

အမွေဥစ္စာ များစွာရှိသည့် အနက်မှ သားသမီးများသည် မိဘများအတွက် အလွန်တရာ အဘိုးထိုက်လှသော ရတနာများဖြစ်ပါသည်။ မိဘ အရာ ရောက်မှ မိဘ မေတ္တာကို နားလည်ရပါသည်။ မိဘမေတ္တာ နှိုင်းတုမရ။ မြင့်မိုရ်တောင် မက ကြီးမားလှ တဲ့ မိဘမေတ္တာ။ ခမ်းခြောက်လေ့ မရှိတဲ့ သက်စမ်းရေ ပမာ။ ဆိုပြီး ရှေးလူကြီးများက မိဘ မေတ္တာကို နှိုင်းယှဉ်ရေးသား ဖော်ပြလေ့ရှိပါသည်။ ကျမတို့ ငယ်ရွယစဉ်မှ အစ ယခုချိန် လူလား မြောက်သည့် အရွယ်တိုင်အောင် ကြီးပြင်းလာခဲ့ရခြင်းသည် မိဘများ၏ ကြီးမား လှသော မေတ္တာကြောင့် ဖြစ်ပါသည်။ မိဘ တို့သည် သားသမီးများအတွက် လောကရဲ့ လမ်းပြကြယ်များ ဖြစ်ပါသည်။ သုတ္တံ ၁း၈ ငါ့သား အဘ၏ နည်းဥပဒေသကို နားထောင်လော့။ အမိ၏ တရားကိုလဲ မပယ်နှင့်။ သုတ္တံ ၁၃း၂၄။ ကြိမ်လုံးကို မသုံးသော သူသည် မိမိ သားကို မုန်းရာသို့ရောက်၏။ မိဘများသည် ပညာရှိသည့် သူကလဲ ပညာရှိသည့် အလျှောက် ပညာမရှိသည့် သူကလဲ ပညာမရှိသည့် အလျှောက် မိမိတို့၏ သားသမီးများကို ကောင်းမွန်ရာ ရောက်အောင် ဉာဏ်မီသလောက် စီမံပေးတတ်ကြပါသည်။ သားသမီးများ ဖြစ်သည့် ကျမတို့သည်လဲ ဘုရားသခင်ပေးသည့် မိဘများ၏ အမွေထူး အမွေမြတ် တန်ဖိုး ကြီးမားသည့် သူများ ဖြစ်သည့် အလျှောက် မိမိကိုယ်ကို မိမိ၊ တန်ဖိုး ထားတတ်ရမှာ ဖြစ်ပါသည်။ လောက၏ စည်းစိမ် သာယာမှုနောက်ကို လိုက်ပါ မသွားမိဖို့ရန် မိမိတို့၏ ခြေထောက်တွေကို ထိန်းသိမ်းရမှာ ဖြစ်ပါသည်။ လောက၏ လိုချင်တပ်မက်မှု အရိပ် အောက်တွင် ပျော်ပါးမသွားမိဖို့ရန် မိမိတို့၏ မျက်လုံးများနှင့် နှလုံးသား တစ်စုံကို ထိန်းသိမ်းရမှာ ဖြစ်ပါသည်။ ဒုက္ခဆင်းရဲခြင်း တွေ့ကြုံရချိန်မှာ စိတ်အားငယ်မှုများ ကြီးထွားလာပြီး ငါဟာ အသုံးမကျတဲ့သူ ဖြစ်တယ်။ ငါဟာ အလကားကောင်ဘဲ ဟု စိတ်ထင် အားငယ်တတ်ကြပါသည်။ ထိုသို့ ကြုံတွေ့ခဲ့ရပါက မိမိကိုယ်ကို ပြန်သတိ ပေးဖို့ရန်မှာ မိမိသည် ဘုရားသခင် ပြင်ဆင်ပေးထားသည့် မိဘများအတွက် အဖိုး ထိုက်တန် လှသော အမွေဥစ္စာ ဖြစ်ခြင်းဘဲ ဖြစ်ပါသည်။ ယော ၁း၁၂-၁၃ မိမိသည် ဘုရားသခင်၏ သားသမီးများ ဖြစ်သည်ဆိုသည်ကို သတိရလိုက်ပါ။ ဆာ ၅၆း၃-၄ အကျွန်ုပ်သည် ကြောက်ရွံ့သောအခါ ကိုယ်တော်၌ ခိုလှုံပါမည်။ ဘုရားသခင်ကို အမှီပြု၍ နှုတ်ကပါတ်တော်၌ ဝါကြွားပါမည်။ ငါသည် ဘုရားသခင်ကို ခိုလှုံသည်ဖြစ်၍ ကြောက်စရာ မရှိရ။ ဘုရားသခင်၌ အစဉီး ခိုလှုံပြီး ရဲရင့်ခြင်း ရင်မှာ အစဉ်တည်လျှက် သခင်ဘုရား ပေးအပ်သည့် မိဘများ၏ အမွေဥစ္စာဖြစ်ခြင်းကို သတိရပြီး ဖြတ်သန်းရမည့် ခရီးအတွက် ဘုရား သခင်၏ အလိုတော်နှင့်အညီ အသက်ရှင် လျှောက်လှမ်းတတ်ရန် ဘုရားသခင် ပေးအပ်သည့် အမွေထူး အမွေမြတ် သားကောင်း သမီးကောင်း အဖိုးတန် ရင်သွေး ရတနာများ ဖြစ်ကြပါစို့။ ။ ကျေးဇူးတော်မြတ်၌ - F-penny (mizo) တမူး

---

## သက်သေခံချက် အထွေး

စင်ကာပူမှာ အိမ်အလုပ်နဲ့ လုပ်နေတုံး ဝမ်းကွဲညီမ ပို့ပေးခဲ့လို့ သခင့်စကားကို ဖတ်ခွင့်ရခဲ့ပါတယ်။ စာစောင်ထဲမှာ သူများတွေ ရေးထားတဲ့ သက်သေခံချက်အားဖြင့် တစ်ချို့ လူတွေဟာ တစ်လမှာ တစ်ရက် အပြင်ထွက်ခွင့်ရပြီး တစ်ချို့က တစ်ပါတ်မှာ တစ်ရက် ထွက်ခွင့်ရတယ်ဆိုတာ သိရပါတယ်။ ဒါနဲ့ ကျမလဲ သူများတွေလို အပြင် ထွက်ခွင့် ရဖို့ ဘုရားကျောင်းသွားပြီး လွတ်လပ်စွာ ကိုးကွယ်ခွင့်ရဖို့ ကြို ဆုတောင်းခဲ့ပေမဲ့ ဘုရား အလိုတော်က ဘယ်လိုမှန်း မသိပါဘူး။ ကျမ အပြင်ထွက်ခွင့် မရခဲ့ပါဘူး။ ကျမ ရတဲ့ လစာလေးနဲ့ လက်ကိုင်ဖုန်းကိုင်ခွင့် မရဘူးဆိုပြီး သူဌေးက ခွင့်မပြုခဲ့ပြန်ပါဘူး။ လူတကာနဲ့ သူ မတူအောင် ထားခြင်းခံရတဲ့အတွက် ဒါလဲဘဲ ကျေးဇူးတော်ပါဘဲ။ အရာရာတိုင်းကို ဘုရားသခင်က သိပါတယ်။ ကျမကို ဘုရားက သနားတယ်။ ပြသနာတွေ ဖြေရှင်းပေးပါတယ်။ ဘုရားက ကျမတို့ ပြောသမျှကို မ၀အောင် အမြဲနားထောင်ပေးတယ်။ အကြံပေးတယ်။ အဖြေပေးခဲ့ပါတယ်။ ဖြစ်ချင်တဲ့ ဆန္ဒ ဆုတောင်းတာ ဖြစ်မလာပေမဲ့ ကျေနပ်စွာနဲ့ဘဲ ဘုရားသခင် ခွဲခန့်ပေးမဲ့ နေ့ရက်တွေကို ဆုတောင်းခြင်းများစွာနဲ့ ထပ်ပြီး ဒီအိမ်မှာ အလုပ်လုပ်နိုင်ဖို့ ဘုရားရှင်ထံမှလာတဲ့ ကျန်းမာခြင်းနဲ့ ငြိမ်သက်စွာ အလုပ်လုပ်ခွင့်ရခဲ့ပါတယ်။ စာဖတ်တာ ဝါသနာပါပေမဲ့ စာရေးတာ ပျင်းမိပါတယ်။ အဲဒီလို ပျင်းတဲ့ကြားက ဘုရားသခင်ကောင်းမြတ်ကြောင်း သက်သေခံ ရေးသား လိုက်ပါတယ်။ ငါ့ကိုခေါ်လော့။ ငါထူးမည်။ ကြီးသောအရာ သင် မသိနိုင်အောင် နက်နဲသော အရာကို ငါပြမည်။ ယေ ၃၃း၃။ ။ အထွေး

---



## ခွန်အားသစ် လင်းအိမ်ရှင်

ကျမ ငယ်ငယ်က ဆုမတောင်းတတ်ခဲ့ပါ။ ထို့ကြောင့် လူကြီး မိဘ ဆရာ သမားများ မည်သို့ဆုတောင်းသည်ကို နားထောင်ပြီး အတုယူကာ ဆုတောင်းခဲ့ပါသည်။ ကျမ နှုတ်ထဲမှ အလွတ်ရနေသော ဆုတောင်းချက်တစ်ခုမှာ " AIDS ဝေဒနာရှင်များ အနာကြီး ရောဂါသည်များ။ ရေဘေး။ မီးဘေး၊ အငတ်ဘေး ကြုံတွေ့နေရသူများ။ အကျဉ်းထောင် ကျနေသူများတို့၏ မျက်ရည်ကို သုတ်ပေးပါ။ မိဘမဲ့များ။ မုတ်ဆိုးမ များကိုလဲ ကူညီ မစနိုင်ရသော ခွန်အားပေးပါ။ စသဖြင့် ဆုတောင်းခဲ့ပါသည်။ ကျမ အရွယ် ရောက်လာပြီး ကိုယ်တိုင် ဆုတောင်းတတ်လာသောအခါတွင်လဲ ဤ ဆုတောင်းချက်များသည် ကျမ လိုချင်သော ဆုတောင်းချက်များ ဖြစ်နေ၍ ဆက်လက် တောင်းခံခဲ့ပါသည်။

သို့သော် ဘုရားရှင်က ကျမ၏ ဆုတောင်းချက်များကို လက်တွေ့ ပြည့်စုံစေသော အခါ၌မူ လက်ခံရန် တွန့်ဆုတ်ခဲ့ပါသည်။ AIDS ဝေဒနာရှင်များနှင့် တွေ့သော အခါ ကျမ ကြောက်မိသည်။ အနာကြီး ရောဂါသည်များနှင့် တွေ့သောအခါ ကျမ ရွံမိသည်။ ယခုအခါ မုတ်ဆိုးမများ သက်ကြီးရွယ်အိုများကို ကိုင်တိုင် ပြုစုရသော အလုပ်ကို လုပ်ကိုင် နေရသောအခါတွင် ကျမ စိတ်မရှည်မိတော့ပါ။ သို့သော် ကျမ၏ ဆုတောင်းချက်ကို ကျမ မပြင်ဆင်ခဲ့ပါ။ " သေးငယ်သော ပုခုံးအတွက် ပေါ့ပါးသော ဝန်ကို မတောင်းဆိုပါ" " လေးလံသော ဝန်အတွက် သန်မာသော ပုခုံးကိုသာ ပေးပါ " ဟု ဖြည့်စွက် တောင်းဆိုခဲ့ရာ အမှန်ပင် ဘုရားသခင်သည် ကျမအတွက် ခွန်အားများ ပေးခဲ့ပါသည်။ ထိုခွန်အားများဖြင့်

ယခုအချိန်တွင် ကျမသည် ကျေးဇူးတော် သက်သက်ကြောင့် သူတပါးကို ပြုစုရာတွင် မေတ္တာ ထားနိုင်ခဲ့ပါပြီ။ မေတ္တာသည် စိတ်ရှည်ခြင်းသဘောရှိ၏။ -- ကျေးဇူးပြုတတ်၏။ --- ခပ်သိမ်းသောအရာကို ဖုံးအုပ်တတ်၏။ ထို့ကြောင့် ချစ်သော ညီအစ်ကိုမောင်နှမ အားလုံးလဲ ဘုရားရှင်ထံမှ မေတ္တာကို အပြည့်အဝ ခံစားလျှက် သူတပါးတို့အား ဝေမျှ ပေးကမ်းနိုင်စေ ကြောင်း ကျမ၏ သက်သေ ခံချက်လေးဖြင့် ဆန္ဒပြုလျှက် - **လင်းအိမ်ရှင်**

---



## **သက်သေခံချက်** ဘုတ်အိ(မြောက်ဥက္ကလာ)

ကျမရဲ့ အလုပ်တွေ ဆုံးရှုံးကုန်ပြီ။ ချစ်သူလဲ ထားခဲ့ပြီ။ ကျမ ပိုင်ဆိုင်တဲ့ အရာတွေ အားလုံး ဆုံးရှုံးကုန်ပြီလို့ အပြစ်တင် လေသံနဲ့ ပြောမိတဲ့အခါ

ကိုယ်တော်က - သမီး ငါဟာ နင့်အတွက် ကောင်းတာတွေချည်းဘဲ လုပ်ပေးခဲ့ပါတယ်။ နင့်အတွက် မကောင်းတဲ့အရာ တစ်ခုမှ မလုပ်ပေးခဲ့ဘူး။ ငါနင့်အပေါ် ကောင်းမြတ်ကြောင်း မြည်းစမ်းပြီး သိမှတ်ပါ။ ငါ့ကို ခိုလှုံရင် မင်္ဂလာရှိမယ်။ ငါပြုတော်မူသမျှဟာ ဖြောင့်မတ်တယ်လို့ ကျမကို ပြန်ဖြေခဲ့ပါတယ်။ (ဆာ ၃၄း၈)

ကျမဟာ ဘုရားရှင်ကို ဘုရားရှင် ငါ့ကို လုံးဝ မချစ်ဘူး။ တခြား လူတွေကိုဘဲ ချစ်တယ်။ ငါ့ကို ဆင်းရဲ ဒုက္ခအမျိုးမျိုး ပေးတွေ့စေတယ်လို့ ထပ်ပြောလိုက်တယ်။ အဲဒီတော့ -

ကိုယ်တော်က - ငါ့သမီး နင့်ကို အထူးသဖြင့် ငါပိုချစ်တယ်။ နင့်ကို ဘယ်လောက် အထိ ချစ်သလဲ ဆိုရင် နင်ငါ့ကို ထားခဲ့ပြီး မေ့နေရင်တောင်မှ ငါ ဆက်ချစ်နေတယ်။ နင်ပျောက်နေရင် တောင် ငါနင့်ကို ရှာပြီး ကယ်တင်ပေးတယ်။ ငါဟာ တလောကလုံးက လူတွေကို ချစ်လို့ ငါ့ရဲ့ တစ်ပါးတည်းသော သားတော်ကို ငါပေးခဲ့တယ်။ လို့ပြန်ဖြေခဲ့ပါတယ်။ (ယော ၃း၁၆)

ကျမဟာ ဘုရားရှင်ကို ထပ်ပြီး -- ငါ့ကို မေ့ခဲ့တယ်။ ငါ့ကို ကရုမစိုက်ဘဲ မေ့နေခဲ့တယ်လို့ ပြောတဲ့အခါ

ကိုယ်တော်က - သမီး ငါနင့်ကို လုံးဝ မမေ့ပါဘူး။ မိမိ သားသမီးကိုမေ့တဲ့ မိခင်ဆိုတာ ကမ္ဘာပေါ်မှာ ရှိရဲ့လား။ တကယ်လို့ မိခင်တွေက သူတို့ သားသမီးတွေကို မေ့ရင် မေ့မယ်။ ငါကတော့ နင့်ကို လုံးဝ မမေ့ဘူး။ ငါ့ရဲ့ လက်ဝါးမှာ သမီး ကို အစဉ် ထိုးထွင်းထားခဲ့တယ်လို့ ပြန်ပြောခဲ့ပါတယ်။ (ဟေ ၄၉း၁၀-၁၆)

ဒါနဲ့ ကျမဟာ ဘုရားရှင်ကို ထပ်ပြီးပြောခဲ့ပါတယ်။ ကိုယ်တော် ကျမရဲ့ ဆုတောင်းချက်ကို အခုချိန်အထိ ဘာလို့ မဖြည့်ပေးသေးတာလဲ။ ဆုတောင်းတိုင်း ဘာလို့ မရ ရတာလဲ လို့ ပြောတဲ့အခါ-

ကိုယ်တော်က - သမီး နင့်ရဲ့ ဆုတောင်းသံကို ငါကြားပါတယ်။ သမီး တောင်းတာတွေကို အချိန် ရောက်တာနဲ့ ချပေးခဲ့တယ် မဟုတ်လား။ သမီး မခေါ်ခင်ကတည်းက ငါ ထူးတယ် မဟုတ်လား။ သမီးတောင်းနေစဉ်မှာဘဲ တောင်းတာကို နားထောင်ပြီး ချပေးခဲ့တယ် မဟုတ်လားလို့ ကိုယ်တော်က ကျမကို ပြန်ဖြေခဲ့ပါတယ်။ (ဟေ ၆၅း၂၄)

ဒါ့ကြောင့် စာဖတ်သူများကို ကျမ ရေးပြချင်တာက ကျမတို့ နလုံးသားကို ကျမတို့ သိတာထက် ဘုရားရှင် ပိုသိပါတယ်။ ဘုရားရှင်ကို ဖိတ်ခေါ်ပြီး ဝိညာဉ်တော်ဘုရားကို အကူအညီ တောင်းတဲ့အခါမှာ ကိုယ်တော်ဟာ ကျမ တို့ကို အကောင်းဆုံးဘဲ လုပ်ပေးသွားမှာပါလို့ သက်သေခံလိုက်ပါတယ်။ ။ ဘုတ်အိ(မြောက်ဥက္ကလာ)

---



## **ကောင်းသော ပုံသက်သေ** ချိုချို

လူမှာ အဝတ်၊ တောင်းမှာအကွပ် ဆိုသလို လူတွေ ဝတ်ထားတဲ့ အဝတ်ကို ကြည့်ပြီး ဒီလူဟာ ဘာလဲလို့ ကြည့်နိုင် သိနိုင်ပါတယ်။ ကျောင်းစိမ်း ဝတ်စုံနဲ့ သူဟာ ကျောင်းသူဖြစ်ပြီး ဘွဲ့ဂါဝန်လာယူနီဖေါင်း ဝတ်ထားရင် အလုပ်သမား ဖြစ်နိုင်ပါတယ်။ ကျမ ဖတ်ထား ဖူးတဲ့ စာအုပ်ထဲက ခရစ်ယာန်တစ်ယောက်ရဲ့ ပုံဥပမာလေး ကို လက်ဆင့်ကမ်း ဖောက်သယ် ချလိုက်ပါတယ်။ ဒုတိယ ကမ္ဘာစစ်အတွင်း တောင်တွင်းကြီးနယ်မှာ သမ္မာ ကျမ်းစာကို တစ်ခွန်းမှ မဟောဘဲ။ ဘာသာခြား လယ်သမားများကို သာသနာပြုနိုင် ခဲ့သော ဓမ္မဆရာတစ်ဦး ရှိခဲ့ဖူးပါသည်။ သူပြောသော စကားတစ်ခွန်းမှာ ထမင်းဆာ နေသူ ကို ဘုရားရှိခိုး ခိုင်းလို့ မရဘူး ဆိုသော စကားဖြစ်ပါသည်။ သူ့နာမည်ကို မြန်မာများက မြန်မာ အသံထွက်ဖြင့် ဗိုလ်ကိတ်ကြီးဟု ခေါ်ကြပါသည်။ သူသည် ဆင်းရဲနွမ်းပါးနေသော သူများကို အဆင်ပြေအောင် အစစအရာရာ ကူညီခဲ့ပါသည်။ စပါးအထွက် တိုးအောင် နည်းလမ်းသစ်များ ရှာပေးခဲ့ပါသည်။ ပဲမျိုးကောင်းများ ရှာပေးခဲ့သည်။ မျိုးသစ် ဖြစ်အောင် လဲ တီထွင်ပေးခဲ့ပါသည်။ အရင်က မြန်မာကြက်များ အသား သိပ်မပါကြပါ။ အရိုးနှင့် အရေသာ ရှိပါသည်။ မြန်မာကြက်များ အသားတိုးအောင် ဗိုလ်ကိတ်ကြီးက နိုင်ငံခြား မျိုးများနှင့် မျိုးစပ်ပေးခဲ့ပါသည်။ သူ့ကျေးဇူးကြောင့် မြန်မာကြက်များ အသား တိုးလာခြင်း ပင်။ မြန်မာများ အတွက် အဟာရဓါတ်ပြည့်ဝသော ပဲတစ်မျိုးကို တီထွင်ပေးခဲ့ပါသည်။ ထိုပဲ အတွက် နာမည် စဉ်းစားကြသောအခါ သူ့စေတနာကို ဂုဏ်ပြုသောအားဖြင့် ဗိုလ်ကိတ်ပဲ ဟု နာမည်ပေးလိုက်ကြပါသည်။ ဗိုလ်ကိတ်ပဲ ရှိနေသမျှ သူ့ကို လူတိုင်း သတိရ နေကြမည်ပင်။ သူသည် ဘာသာခြားများကို အဆင်ပြေအောင် ဗိုက်ကို အစာ ဖြည့်ပေးလိုက်သော အခါတွင် သမ္မာကျမ်းစာကို တစ်ခွန်းမှ မဟောရဘဲ တောင်တွင်းကြီးနယ်၌ ယုံကြည်သူများစွာ ပေါ်ပေါက်လာခဲ့ပါသည်။ ထို့ကြောင့် ယုံကြည်သူများသည် ခရစ်တော်၏ နောက်လိုက်ကောင်းများ ပီသရန် လိုအပ်ပါသည်။ ကျမတို့အတွက် ဘုရားပေးသော ပညတ်တော် ၁၀ပါးက များလွန်း နေပါသလား။ ဈေးဆစ်တတ်သော လူသားများကြောင့် ရွှေပညတ်ဖြစ်သော သင်၏ ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ အစွမ်းသတ္တိရှိသမျှ၊ ဉာဏ် ရှိသမျှ ချစ်ရန် ။ ကိုယ်နှင့် စပ်ဆိုင်ကို ကိုယ်နှင့်အမျှ ချစ်ရန် ဘုရားက လု ၁၀း၂၇ တွင် ချမှတ်ပေးခဲ့ပါသည်။

ဗိုလ်ကိတ်ကြီးဟာ ဒီရွှေပညတ်အတိုင်း ဘုရားသခင်ကို ချစ်သည့် အပြင် လူသားတွေကိုလဲ ချစ်ခဲ့ပါသည်။ လူသားတွေ စားဝတ်နေရေး အဆင်ပြေဖို့ အမြဲကြိုးစား လုပ်ဆောင် ပေးသည့်အတွက်ကြောင့် သူယုံကြည်ကိုးကွယ်သော ဘုရားကို လူတွေ စိတ်ဝင်စား လာကြပါသည်။ ဗိုလ်ကိတ်ကြီးတောင် ဒီလောက်ကောင်းတာ သူကိုးကွယ်တဲ့ ဘုရားဆိုရင် အဆပေါင်းများစွာ ပိုကောင်းလိမ့်မယ်လို့ လူတွေက လက်ခံ ယုံကြည်ပြီး ဗိုလ်ကိတ်ကြီး တရား ဟောစရာ မလိုဘဲ လူတွေပြောင်းလဲ လာခဲ့ကြပါသည်။ ထို့ကြောင့် တတ်နိုင် သလောက်လေး ဘုရားအမှုတော်ဆောင်ကြရအောင် --။ ကိုယ်ရှိနေသော နေရာ၊ ကိုယ့် ပါတ်ဝန်းကျင်ဟာ ကိုယ့်ရဲ့ သာသနာပြုကွင်းဘဲ ဖြစ်ပါသည်။ ။မေတ္တာဖြင့် - ချိုချို






---

## **သက်သေခံချက်** ဒေါ်မြမြဝင်း(မွန္တလေး)

ကျမဟာ အရင်တုံးက မိရိုးဖလာ ခရစ်ယာန်တစ်ယောက်ပါ။ ဒါပေမဲ့ တိုင်းရင်းဆေးတက္ကသိုလ်ကို ရောက်ခဲ့ပြီးတာဝန်ထမ်းစဉ်မှာ အဲဒီကျောင်းက ကျောင်းသူလေး တစ်ယောက်ကြောင့် ဘုရားနဲ့ နီးလာခဲ့ရပါတယ်။ ကျောင်းမှာ အပါတ်စဉ်ကြာသပတေးနေ့တိုင်း ကျမ်းစာသင်တန်း ရှိပါတယ်။ ကျမ်းစာသင်တဲ့ ဆရာက သာသနာပြုနေတဲ့ ဆရာပါ။ တစ်နေ့တော့ ဆရာက သူဟာ သာသနာပြုကွင်းတွေ သွားတဲ့အခါမှာ ဘာ အရင်းအနှီးမှ မရှိဘဲ သွားတဲ့အကြောင်း အဲဒီလို သွားတိုင်းလဲ ဘုရားသခင်က လိုအပ်တဲ့ လမ်းစရိတ် စားစရိတ် ပြင်ဆင်ပေးတဲ့ အကြောင်း သက်သေခံပါတယ်။ ကျမ စိတ်ထဲမှာ ကျမ ကတော့ ဒီလို ယုံကြည်ခြင်းမျိုး မရှိတဲ့အတွက် ဘာမှ မရှိဘဲ ဘာမှ မလုပ်ရဲကြောင်း တွေးမိခဲ့ပါတယ်။ အဲဒီလို ယုံကြည်ခြင်း မရှိခဲ့တဲ့ ကျမကို ဘုရားသခင်က ယုံကြည်ခြင်း ရှိလာအောင် လုပ်ခဲ့တဲ့ သင်ခန်းစာလေးကို သက်သေခံ ရေးသားလိုက်ပါတယ်။

ကျမရဲ့ သမီးကြီးက စင်ကာပူက ပိုလီကျောင်းမှာ သူနာပြုသင်တန်းကို စပွန်ဆာနဲ့ ကျောင်းတက်နေတာ ဖြစ်ပါတယ်။ စပွန်ဆာ ရထားတဲ့သမီးအတွက် စင်ကာပူမှာ အသုံးစရိတ် ဘယ်လောက်ရှိတယ် ဆိုတာ ကျမ သေသေချာချာ မသိပါဘူး။ ကျမရဲ့ တတိယသမီးလေး ဆယ်တန်းကို ဘာသာစုံ ဂုဏ်ထူးနဲ့ အောင်တော့ ပိုလီကျောင်း လျှောက် တာ မရခဲ့ပါဘူး။ ပိုတော်တဲ့ ကလေးက မတော်တဲ့ ကလေးလောက်တောင် အခွင့်အရေး မရတော့မှ သမီး အကြီးရတဲ့ စပွန်ဆာဟာ ဘုရားသခင်ရဲ့ ကျေးဇူးတော် သက်သက်ကြောင့်ဆိုတာ ကျမ သိလာခဲ့ရပါတယ်။ သမီးလေးက အမှတ်ပေါင်း ၅၂၇မှတ် IELTS 6.5 Bandတဲ့။ အဲဒီတော့ ပိုလီကျောင်း တစ်ခုခု ရမယ်လို့ ကျမ တွေးထားတာပေ့ါ။ အဲဒီမှာ ဘုရားသခင်ရဲ့ အကြံအစည်က စပါပြီ။ တစ်ချို့ ပိုလီက ကိုယ်လျှောက်တဲ့ ဘာသာ မရပါဘူး။ တစ်ချို့ ပိုလီက မြန်မာပြည်ကို လာမစစ်ပြန်ပါဘူး။ ဒါနဲ့ Republic ပိုလီ တစ်ခုဘဲ ဖြေလို့ရပါတယ်။ အဲဒါလဲ မရပါဘူး။ သမီးလေးက စိတ်ဓါတ် နန်နဲကျချင်လာပါပြီ။ ကျမ လဲ အတူတူပေ့ါ။ လူကြီးဖြစ်တဲ့ ကျမ ကိုယ်တိုင် စိတ်ဓါတ်ကျနေရင် မဖြစ်ဘူး။ ဆိုပြီး သမီးလေး ကို ခွန်အားပေး။ ကိုယ်ကိုယ်တိုင်လဲ ဘုရားနဲ့ ပိုနီးလာပါတယ်။ ဆုတောင်းရပါတယ်။ ကျမ်းစာဖတ်ပြီး ခွန်အားယူရပါတယ်။ ပိုဆိုးတာက မြန်မာပြည်မှာ ရတဲ့ ဆေးတက္ကသိုလ်ကို မအပ်လိုက်တဲ့အတွက် ရှာပြန် ကျောင်းပြန်တက်လို့လဲ မရပြန်ပါဘူး။ အဲဒါတွေ အားလုံး ဘုရားသခင်ရဲ့ အကြံအစည်ဆိုတာ အခုမှ သိလာရပါတယ်။ ပိုလီတွေ မရတော့ နောက်ဆုံး Management Development Institue of Singapore (MDIS) ကျောင်းမှာ ကိုယ်လိုချင်တဲ့ Biomedical Science ဘာသာရပ်နဲ့ ကျောင်းတက်ခွင့်ရခဲ့ပါတယ်။ ဒါပေမဲ့ အခြေခံ ၆လ ကိုဘဲ စင်ကာပူဒေါ်လာ ၉၅၃၅ ကျပါတယ်။ မြန်မာငွေနဲ့ သိန်း၆၀ ကျော်ပါတယ်။ ဒါ ကျောင်း လခဘဲ ရှိပါသေးတယ်။ နေစရိတ်။ စားစရိတ် မပါသေးပါဘူး။ ကျမ အိမ်မှာ လစဉ် ဝင်ငွေ ၃သိန်းဘဲ ရှိပါတယ်။ အဲဒီဝင်ငွေဟာ ကလေး ၄ယောက် ကျောင်းစရိတ် စားစရိတ်နဲ့ လူမှုရေး စရိတ်များအတွက် လောက်တယ် ဆိုရုံပါဘဲ။ ကျမ လက်ထဲမှာ အပိုဝင်ငွေ တစ်သိန်း တောင် မရှိပါဘူး။ သမီးလေးရဲ့ ကျောင်းစရိတ်ကို ဘုရားသခင် လက်ထဲ အပ်ပြီး (သာသနာပြု ဆရာ ပြောခဲ့သလို) ယုံကြည်ခြင်းနဲ့ လျှောက်လှမ်းလာတဲ့ အခါမှာ အခုဆိုရင် စင်ကာပူ ရောက်ပြီး သမီးလဲ ကျောင်းတက်နေပါပြီ။ ကိုယ်လျှောက်ခဲ့တဲ့ လမ်းကို ပြန်လှည့်ကြည့် လိုက်တဲ့အခါမှာ အလွန်အံ့သြဘွယ်ရာ ဘုရားသခင်ရဲ့ လက်ရာကို တွေ့ရပါတယ်။ အရင်တုံးက ကျမ ကတော့ ဒီလို ယုံကြည်ခြင်းမျိုး မရှိတဲ့အတွက် ဘာမှ မရှိဘဲ ဘာမှ မလုပ်ရဲကြောင်း။ ငါသာဆိုရင် သာသနာပြုဆရာလို မလုပ်ရဲဘူးဆိုတဲ့ ကျမရဲ့ ဒွိဟ သံသယ



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၂၂ အောက်တိုဘာလ ၂၀၁၁ ခုနှစ်။
နိုင်ငံတကာ ရှိ မြန်မာခရစ်ယာန် အသင်းတော်များအတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

အတွေးတွေကို ဖျောက်ပြီး ဘုရားတတ်နိုင်ကြောင်း ဘုရားသခင်က သက်သေ ပြလိုက်တာ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ အံ့သြဘွယ် လက်ရာများနဲ့ ကောင်းကြီး ကို ခံစားလိုက်ရတဲ့ ကျမဟာ ကြက်သီးမွှေးညှင်းများတောင် ထမိပါတယ်။ ဘုရားသခင် တို့ထိတော်မူခြင်း အားဖြင့် ကူညီကြတဲ့ ယုံကြည်သူ မိတ်ဆွေများနဲ့ မယုံကြည်သူ (ရှမာရိ အမျိုးသားများ) မိတ်ဆွေများ အားလုံးကိုလဲ အထူး ကျေးဇူးတင်ကြောင်း ရေးသားရင်း ဘုရားသခင် ကောင်းမြတ်ကြောင်း မြည်းစမ်းကြဖို့ သက်သေခံလိုက်ပါတယ်။ ။





ဒေါ်မြမြဝင်း (ကထိက။ ဌာနမှူး၊ တိုင်းရင်းဆေးတက္ကသိုလ်။ မန္တလေး)

---

### သက်သေခံချက် NMP(ခေတ္တ-စင်ကာပူ)

ဘုရားသခင် ကျမကို ကောင်းကြီးပေးပါတယ်။ ဘုရားသခင်ရဲ့ နာမတော် ကျွှမာ အဆက်ဆက် ဘုန်းကြီးပါစေသော်။ ကျမ စင်ကာပူနိုင်ငံမှာ ကျေးဇူးတော်ကြောင့် အလုပ် လုပ်နေတာ ၂နှစ်ပြည့်ခဲ့ပါပြီ။ ကျမ ရဲ့ အလုပ်ရှင်မိသားစုက စိတ် သဘောထား ပြည့်ဝ ကြပါတယ်။ ဒါပေမဲ့ စင်ကာပူက အများစု သူဌေးတွေနည်းတူ ကပ်စေးနဲ ပါတယ်။ ဒီအတွက် စိတ်နဲနဲညစ် ရပါတယ်။ ကျမ အိမ်အလုပ်ကို လုပ်တာ သိပ်များများစားစား မလုပ်ရတဲ့ အတွက် မပင်ပန်းသလို အချိန်ပိုရတဲ့အတွက် ဘုရားသခင်နဲ့ ပိုပြီး အကျွမ်းဝင် မိတ်သဟာယ ဖွဲ့ခွင့်ရခဲ့ပါတယ်။ ကျမ ၂နှစ်ပြည့်ခါနီးမှာ ဘုရားရှင်ထံ လိုအပ်တာလေး တောင်းခံမိပါတယ်။ လစာနည်းနည်း တိုးပေးဖို့ပါဘဲ။ အိမ်အလုပ် လုပ်စရာ ထွေထွေ ထူးထူး မရှိတဲ့ အတွက် လစာ တိုးရစရာ အကြောင်း မရှိပါဘူး။ ဒါပေမဲ့ လိုချင်တာလေးတွေ အတွက် တိုးတောင်း မိတာပါ။ ဒေါ်လာ ၂၀ ဘဲ တိုးပေးဖို့ ဘုရားသခင်ဆီ ဆုတောင်းခဲ့ပါတယ်။ အများကြီး တိုးလေးပေးတာလဲ မလိုချင်ပါဘူးလို့ ဆုတောင်းခဲ့ပါတယ်။ တကယ်လို့ သူဌေး မိသားစုက လစာ မတိုးပေးရင်လဲ အလုပ်ဆက်လုပ်နိုင်ဖို့ ခွန်အားတောင်းခံ မိပါတယ်။ သူငယ်ချင်း တွေကတော့ မြန်မာပြည် ခနပြန်ပြီး အလုပ်အသစ်၊ သူဌေးအသစ်နဲ့ ပြန်လာဖို့ ပိုင်းပြောပေမဲ့ ကျမ လက်မခံခဲ့ပါဘူး။ ရက်နဲနဲ ကြာလာတော့ ဘုရားရှင်ထံ ပိုတိုးဝင် လာခဲ့ပါတယ်။ တစ်လကြာတဲ့ အခါမှာ အိမ်ရှင် သူဌေးမက ကျမကို လစာ တိုးပေးပါတယ်။ ကျမ လုံးဝ ထင်မထားတဲ့ လစာကို ဒေါ်လာတစ်ရာ ထပ်တိုးပေးပါတယ်။ မယုံနိုင်စရာပါ။ သိပ်အံ့သြဖို့ကောင်းပါတယ်။ ဘုရားသခင်ကို အရမ်း ကျေးဇူးတင်မိပြီး ချီးမွမ်းမိပါတယ်။ အခုဆိုရင် ကျမ ရိုးရိုးလေး ယုံကြည်ခြင်းဖြင့် ဘုရားသခင်ထံ လိုအပ်တဲ့ ဆုကို တောင်းတတ် နေခဲ့ပါပြီ။ ကျမ ဘက်ကတော့ ဘုရားသခင် ကောင်းကြီး ပေးချင်အောင် သမ္မာတရားနဲ့ အညီ အသက်ရှင်တတ်ဖို့လဲ လိုအပ်ပါတယ်။

သင်တို့သည် ငါ၏နာမကို အမှီပြု၍ တစ်စုံတစ်ခုသော ဆုကိုတောင်းလျှင် တောင်းသည် အတိုင်း ငါပြုမည်။ ယော ၁၄း၁၄။ NMP(ခေတ္တ-စင်ကာပူ)



---

### တဏှာနဲ့ပါဝါ-၁ (အယ်ဒီတာ)



တဏှာနဲ့ ပါတ်သက်တဲ့ ဇာတ်လမ်းမျိုးစုံကို စင်ကာပူ မရောက်ခင် ကတည်းက ကြားခဲ့ဖူးတာ ကြာပါပြီ။ စင်ကာပူရောက်လာပြီး သခင့်စကားစာစောင်ကို ထုတ်ဝေနေချိန်၊ လွန်ခဲ့သော နှစ်များစွာ ကတည်းက ကျနော့်ဆီ တဏှာရာဂနဲ့ ပါတ်သက်တဲ့ ဇာတ်လမ်း မျိုးစုံကို လူတွေက အမျိုးမျိုး အသိပေးကြပါတယ်။ သူတို့ဖြစ်စေချင်တာက ခံရတဲ့ ကာယ ကံရှင်တွေက တဖက်လူကို အရှက်တကွဲဖြစ်အောင် ရေးသား ဖော်ပြပေးဖို့ ဖြစ်ပါတယ်တဲ့။ တဏှာမုဆိုးရဲ့ ကျော့ကွင်း လက်တွင်းထဲကို သားကောင်လေး တွေ မကျရောက်ဖို့ လူတွေ သိအောင် ရေးဖို့ ပြောပြကြတာဖြစ်ပါတယ်။

ကျနော် မသိကျိုးကျွံ ပြုရင်း ရှောင်နေခဲ့တာကြာပါပြီ။ အရင်တုံးက စလုံးမှာ တဏှာပဲ့ ဆိုရင် ထိုင်းနဲ့ ဖိလစ်ပိုင်မတွေ နာမည်ကြီးခေတ်စားကြပါတယ်။ အခုခေတ်မှာ တော့ အဲဒီ တဏှာဟာ ကျနော်တို့ လူမျိုး၊ ကျနော်တို့ အသင်းတော်၊ ကျနော်တို့ အသိုင်းအဝိုင်းထဲထိ ရဲရဲရင့်ရင့် တိုးဝင်ထိုးဖောက် ဝင်ရောက်လာတဲ့ အခါမှာတော တစ်ခုခု လုပ်ဖို့ လိုပြီလို့ ထင်မိပါတယ်။ တစ်နေ့မှာ သန့်ရှင်းသော ဝိညာဉ်တော်က ပညာပေး၊ အသိပေး ဆောင်းပါး ရေးသားဖို့ နှိုးဆော်သလို ခံစားရပါတယ်။ မမျှော်လင့်ဘဲ တဏှာနဲ့ ပါတ်သက်ပြီး သတင်းဆောင်းပါးလေးတစ်ခုကို ဘိုလိုရေးထားတဲ့ သတင်းစာထဲမှာ ဖတ်လိုက် ရပါတယ်။ ကမ္ဘာ့ နိုင်ငံရေး ခေါင်းဆောင်များနဲ့ သူတို့ရဲ့ အချစ်အရှုပ်တော်ပုံ တဏှာနဲ့ ပါဝါ (Sex & Power) ဆိုတဲ့ ဆောင်းပါးလေးပါဘဲ။

တပြိုင်တည်းမှာ တဏှာရဲ့ ကျေးကျွန်ဖြစ်သွား ဝေဒနာခံစားလိုက်ခဲ့ရတဲ့ ညီ အစ်မများက ကျနော့်ဆီကို ဖုန်းနဲ့ရော၊ စာနဲ့ပါ တစ်လအတွင်း ၄ယောက်တိတိ ရေးသား ဆက်သွယ် တိုင်တန်းလာတဲ့အခါမှာ တဏှာနဲ့ပါဝါ ဆိုတဲ့ ကဏ္ဍလေး ဖွင့်လှစ်ပြီး ရေးသား တင်ဆက် လိုက်ပါတယ်။ ကျနော်ရေးတာထက် ပသီ-ပါစီ ဆိုတဲ့ လျှို့ဝှက် ကလောင် နာမည်နဲ့ သူတို့ ကိုယ်တိုင် ရေးသားထားတဲ့ ဖြစ်ရပ်မှန် ဇာတ်လမ်းလေး (ဘယ်လို ခရစ်ယာန် မျိုးလဲ) ကို ဖတ်ရှုဆင်ခြင် ပြင်ဆင်နိုင်ဖို့ တင်ဆက် လိုက်ပါတယ်။ ကျနော့်ဆီ ရောက်လာတဲ့ စာထဲမှာ ကာယကံရှင် မိန်းကလေး ကိုယ်စား စာရေး ကျွမ်းကျင်သူ တစ်ယောက်က ကိုယ်စား ရေးသားပြီး ကာယကံရှင်က တည်းဖြတ် ဖြည့်စွက် ထားတဲ့ တိုင်တန်းစာလေးကို ဘောပင်မှင်အရောင် မတူ လက်ရေး မတူတဲ့ လူနှစ်ယောက် ရဲ့ ဒေါသအရိပ်အငွေ့တွေ ဖိညှစ်ထားတဲ့ စာလေးကို ဖြတ်တောက်မှု မရှိဘဲ တင်ဆက် လိုက်ပါတယ်။ ကာယကံရှင်နဲ့ ပရိတ်သတ်ပါ ခံစားနားလည် ဆင်ခြင် နိုင်ကြပါစေ။ (အယ်ဒီတာ)

### ဘယ်လို ခရစ်ယာန်မျိုးလဲ (ပသီ-ပါစီ)

ချစ်သော ယုံကြည်သူ ဓမ္မမိတ်ဆွေ။ ရခဲလှတဲ့ လူ့ဘဝမှာ လူဖြစ်ခွင့် ပေးထားတဲ့ ခရစ်တော် ဘုရားကို ရရှိပြီး။ ယုံကြည်သူဖြစ်လာတာ ဘယ်လောက်မြတ်သလဲ ဆိုတာ စဉ်းစား စေချင်ပါတယ်။

ဖြစ်ရပ်မှန်လေး တစ်ခုနဲ့ သက်သေခံ ရေးသားလိုက်ပါတယ်။ တစ်ခါက စင်ကာပူ ရောက် မြန်မာတိုင်းရင်းသား ယုံကြည်သူ မိန်းကလေးတစ်ယောက် ရှိတယ်။ သူ့ စိတ်ထဲမှာ ယုံကြည်သူအချင်းချင်း ရည်းစားထားပြီး ညီသောထမ်းပိုးနဲ့ အိမ်ထောင်ပြု မယ်လို့ စဉ်းစားထားပြီး မယုံကြည်သူတွေနဲ့ လုံးဝရှောင်နေခဲ့ပါတယ်။ တစ်နေ့မှာတော့ သူ့ စိတ်ကူးထဲကအတိုင်း ဘုရားကျောင်းမှာ ယုံကြည်သူချင်း တနယ်သားချင်း ကောင်လေး တစ်ယောက်နဲ့ တွေ့ဆုံ ချစ်ကြိုက်မိခဲ့ကြပါတယ်။ ကောင်လေးက ယုံကြည်သူ အသိုင်း အဝိုင်း အမှုတော်ဆောင် မျိုးရိုးထဲက ဖြစ်ပြီး သင်တန်းစုံလင် ကျမ်းစာ ကျွမ်းကျင်သူ တစ်ယောက် ဖြစ်သလို အသင်းတော်မှာ နီးကြားတက်ကြွသူဖြစ်ပါတယ်။ ဂီတမြူးဇစ်ပိုင်း မှာ ရော အဖက်ဖက်က ပါဝင်နေတဲ့သူ ဖြစ်နေလို့ လူတကာ အထင်ကြီးစရာ အားကျစရာ ပါးစပ်က ဘုရား ဘုရားနဲ့ ဖြစ်နေတဲ့ သူပါဘဲ။ (လက်ကားယား ဖြစ်နေတာကို နောက်မှ သိခဲ့ ရတာပါ)။ မိန်းကလေးက သူ့ရည်းစာ ခရစ်ယာန် ကောင်လေးကို ယုံကြည်စွာနဲ့ ချစ်မြတ်နိုး တာပေါ့။ မကြာပါဘူး ကောင်လေးက ဘုရားကျောင်း မသွားခင် အစာစားချင် ဆိုသလို ကျားဆိုတဲ့ သတ္တဝါ ဥပုသ် မစောင့်တော့၊ သမင်ငယ်မလေးကို စားလိုက်သလို မိန်းကလေး ကို ကောင်းကောင်း စားသုံးလိုက်တာပေါ့။ မိန်းကလေးက စိုးရိမ်ကြီးစွာနဲ့ အကောင်အထည် ပေါ်လာရင် ဘယ်လိုလုပ်မလဲလို့မေးတော့။ ကောင်လေးက ငါ ဒီလို ယောကျာ်း မဟုတ်ဘူး။ စားပြီး နားမလည်၊ ဝါးပြီး ထွေးထုတ်တတ်တဲ့ကောင် မဟုတ်ဘူး။ တာဝန် ယူမယ်လို့ ဖြေသိမ့် လိုက်တာပေါ့။ မိန်းကလေးကလဲ အိုကေ ဆိုပြီး ပွဲသိမ်းလိုက်ပါတယ်။ မကြာပါဘူး အကောင်အထည် ပေါ်လာပါလေရော။ ဒါနဲ့ မိန်းကလေးက ဖွင့်ပြောတော့ ကောင်လေးက မယုံဘူးတဲ့။ ညာနေတာလား ဆိုပြီး သွေးတိုးစမ်းပါတယ်။ မယုံရင် လိုက်ခဲ့ဆိုပြီး စီးတီးဟောက ပန်နီစူးလား ပလာဇာမှာ ကောင်လေးရှေ့ မှာတင် မိန်းကလေးက ဆီးစစ် ပြတဲ့အခါ ကောင်လေး ငြင်းလို့ မရဘူး ဖြစ်သွားပါတယ်။ အရင်ကပေးခဲ့တဲ့ ကတိအတိုင်း မဟုတ်တဲ့ စကားမျိုးနဲ့ ကောင်လေးက အဲဒီ ကလေးကို အခုမယူသေးဘူး။ တို့နှစ်ယောက် ဘဝအတွက် ကြိုးစား စုဆောင်းပြီးမှ အတည်တကျ လက်ထပ် ယူမယ်။ လောလောဆယ် ကလေးကို ဖျက်ချပစ်လိုက်ပါတဲ့။ ချစ်သော ယုံကြည်သူများ၊ သခင်ခရစ်တော် အလိုမရှိတဲ့၊ ရွံ့ရှာဖွယ် ကောင်းတဲ့ အရာကို လုပ်နေရင် သူတပါးက မေးလာတဲ့အခါ ယုံကြည်သူ ခရစ်ယာန်လို့ မိမိကိုယ်ကို မပြောပါနှင့်။ သူတပါး သိက္ခာ ကိုယ့်သိက္ခာ ချတာလောက်နဲ့ လုံလောက်ပါတယ်။ ခရစ်တော်ရဲ့ သိက္ခာကိုတော့ မချသင့်ပါ။

ဇာတ်လမ်းက ဒီနေရာမှာ မပြီးသေးပါ။ မိန်းကလေး ကိုယ်ဝန် ဖျက်ချ နေစဉ်မှာ ကောင် လေးက နောက်ထပ် ကောင်မလေး တစ်ယောက်နဲ့ ထပ်ကြိုက် ပြန်ပါတယ်။ မိန်းက လေးက နောက် ကောင်မလေးကို ကောင်လေးရဲ့ မရိုးသားတဲ့ စိတ်ထား ယုတ်မာမှုများ ပြောကြားတဲ့အခါ နောက် ကောင်မလေးက မယုံဘူးတဲ့။ သူ့အတွက် ဒါမျိုး မဆန်းဘူးလို့ ခပ်အေးအေး ပြန်ပြောပါတယ်။ သမိုင်းကြောင်းကို စစ်ကြည့်လိုက်တော့ ဟုတ်တယ်။ ကောင်မလေးက ကောင်လေးနဲ့ ဘုရားကျောင်းမှာ အတူတူ Music တွေ Praise & worship တွေ အတူတူ ဆို၊ အတူတူဦးဆောင် ဘုရားရှေ့ လူရှေ့မှာ ဟာလေ လုယာ ကျယ်ကျယ်အော်တဲ့သူတွေ ဖြစ်နေပြန်ပါတယ်။ ဟာလေလုယာ အော်ကာ ဒုစရိုက် ပြုပြီး ခရစ်တော်ကို ကားတိုင်ပေါ်က မဆင်းနိုင်းသေးတဲ့ သူတွေ ဖြစ်နေပါတယ်။

ခရစ်တော် အသွေးနဲ့ ဝယ်ယူထားတဲ့ မိမိ ကိုယ်ခန္ဓာကို မဖျက်ဆီးဖို့ သတိပေးလိုပါတယ်။ ဒီလို အပြစ်မျိုး မပြုမိဖို့နဲ့ ပြုမိပြီးရင်လဲ ရှေ့ဆက်မမှားဘဲ နောင်တနဲ့ ခရစ်တော် ခြေရင်းထံပြန်လာကာ မိမိ ထမ်းရမဲ့ တာဝန်ကို ထမ်းဖို့ ရေးသား အသိပေး လိုက်ပါတယ်။ ခရစ်တော်ကို ကားတိုင် ထပ်မတင်မိပါစေနဲ့၊ မိမိဟာ ဘယ်လို ခရစ်ယာန် မျိုးလဲ ဆိုတာ ဆန်းစစ်ပြီး အသစ်ပြုပြင်သော သတ္တဝါအသစ် အနေနဲ့ အသက်ရှင် လျှောက်လှမ်းကြပါစို့။ ။ နာမတော်မြတ်၌ - ပသီ-ပါစီ

---



### သက်သေခံချက် မကြီး

ရှေးဦးစွာ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ သက်သေ မခံမီ ကျမ ခံစားရတဲ့ ဘုရားရဲ့ကျေးဇူးတော်တွေကို ရေတွက်မိတဲ့အခါမှာ ရေတွက်လို့ မကုန်နိုင် အောင် များပြားလှတယ်ဆိုတာ ဝန်ခံပါရစေ။ ဘုရားသခင်က ကျမတို့ကို ချစ်တဲ့အကြောင်း သက်သေခံပါရစေ။ လွန်ခဲ့တဲ့ ၂နှစ်က ကျမ ခံစားရတဲ့ ကျေးဇူးတော်ကို သက်သေခံဖို့



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၂၂ အောက်တိုဘာလ ၂၀၁၁ ခုနှစ်။
နိုင်ငံတကာ ရှိ မြန်မာခရစ်ယာန် အသင်းတော်များ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

ဘုရားသခင်ကို ကတိပေးခဲ့ပေမဲ့ ကျမ ကတိ မတည်ခဲ့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျမ သက်သေခံရမဲ့ ကိစ္စက နဲနဲ ရှက်စရာ ဖြစ်နေလို့ပါဘဲ။ ဒါ့ကြောင့် အခု အချိန်အထိ ကျမ သက်သေ မခံဘဲ နေဖြစ်ခဲ့တာပါ။ ဒါပေမဲ့ အခုတော့ ကျမ သက်သေ မခံလို့ မရတော့ဘူး ထင်ပါတယ်။

လွန်ခဲ့တဲ့ ၂နှစ်က ကျမ လိပ်ခေါင်းနဲ့နဲ့ ထွက်ပြီး အလေးသွားရင် သွေးနဲနဲပါ လာပါတယ်။ ကျမ အရမ်းကြောက်ပြီး ဆုတောင်းပါတယ်။ ဒီရောဂါကို ဘုရားသခင် ပေးပျောက် စေဖို့ ကျမ ဆုတောင်းပါတယ်။ ကျမမှာ ရောဂါ ကုဖို့ ပိုက်ဆံလဲ မရှိဘူး။ အချိန်လဲ မပေးနိုင်ဘူး။ သမီးရောဂါကို ပျောက်ကင်းစေတော်မူပါ။ ပျောက်စေခဲ့ရင် ဘုရားသခင် ကောင်းမြတ်ကြောင်း သက်သေခံပါ့မယ်လို့လဲ ကတိပေးခဲ့ပါတယ်။ နောက်ကျတော့ အဲဒီရောဂါ ပျောက်ကင်းသွားခဲ့ပါတယ်။ ဒါပေမဲ့ ကျမ ဘုရားကျောင်းမှာ သက်သေ မခံဖြစ်ပါဘူး။ ဘုရားကျောင်းက ပြန်လာရင် ဘုရားသခင် သမီးကိုခွင့်လွှတ်ပါ။ ဒီနေ့လဲ သက်သေ မခံဖြစ်ဘူးလို့။ ဒီလိုနဲ့ အလုပ် ၂နှစ်ပြည့်လို့ မြန်မာပြည် ပြန်သွားခဲ့ပါတယ်။ အခုဆို ၄နှစ် ရှိသွားပါပြီ။ ဒါပေမဲ့ သက်သေမခံ ဖြစ်သေးပါဘူး။ အခုတော့ အဲဒီရောဂါ ပြန်ထ သလို ခံစား ရပါတယ်။ ကျမ ဘုရားကို ကတိမတည်လို့ ဒီရောဂါပြန်ထတာလို့ သူငယ်ချင်းတွေက ဝိုင်းပြောကြပါတယ်။ အခုတော့ ဘုရားသခင်ဟာ အနာရောဂါကို ပေးပျောက် စေနိုင်တဲ့ တန်ခိုးရှင် ဘုရား ဖြစ်တယ်ဆိုတာကို ကျမ မနေနိုင်ဘဲ သက်သေခံ ရေးသားလိုက်ပါတယ်။ ကျမ ကိုလဲ ဘုရားသခင်က အဲဒီ ရောဂါကို လုံးဝပေးပျောက်မယ်ဆိုတာ အကြွင်းမဲ့ ယုံကြည်ပါတယ်။ ။ မကြီး






---

**စာတန်၏စုံစမ်းနောက်ယှက်ခြင်း** ဆောင်းရန့်

ချစ်သော စာဖတ် ပရိတ်သတ်အားလုံးကို သမီးခံစားရတဲ့ ဘုရားသခင် ကောင်းမြတ်ခြင်းအကြောင်း သက်သေခံ ရေးသားလိုက်ပါတယ်။ လွန်ခဲ့သော ရက်များက သမီးကို ခင်တဲ့ အန်တီတစ်ယောက်က သမီးဆီကို ဖုန်းဆက်ပါတယ်။ အဲဒီနေ့က သူ ပွဲစားအိမ်ကို အလည် ရောက်သွားတဲ့အချိန်မှာ သမီးရဲ့ အိမ်ရှင်တွေက သမီးကို မကြိုက်လို့ ပွဲစားအိမ် လာပြီး လူအသစ် လာရွေးတာကို သူကိုယ်တိုင်တွေ့ခဲ့တယ်။ အိမ်ပြန်ဖို့ အလုပ်ပြုတ်ဖို့ အသင့် ပြင်ထားပါလို့ လှမ်း သတိပေးပါတယ်။ သမီးလဲ စိတ်ဓါတ်အရမ်းကျပြီး သူတို့ အလုပ် မဖြုတ်ခင် ကိုယ့်ဘာသာ မြန်မာပြည် ပြန်မယ်လို့ စိတ်ကူးမိတဲ့အထိ ဖြစ်သွားပါတယ်။ စိတ်ဓါတ် အရမ်းကျလို့ ကြံရာမရဖြစ်ပြီး ကျမ်းစာကို အမြဲတမ်း တတွတ်တွတ် ရွတ်နေခဲ့ မိပါတယ်။ နောက်နေ့ကျတော့ ဆရာက သမီးကို စကားခေါ် ပြောပါတယ်။ ဆရာ့ဆီက "အလုပ်ဖြုတ်လိုက်ပြီ၊ အိမ်ပြန်" ဆိုတဲ့ စကားကို ကြားရမယ်ထင်ပြီး သမီး စိတ်တွေ အရမ်း လှုပ်ရှားနေခဲ့မိပါတယ်။ ဆရာက သမီးကို ဆုံးမ စကားပြောပါတယ်။ အလုပ်ကို ဘယ်လို လုပ်ရမယ်ဆိုတာ ပြောပြ သင်ပြပေးပါတယ်။ နောက်တော့ သမီးကို အလုပ် ဆက်ခန့်မယ် လစာ ဒေါ်လာ ၅၀ တိုးပေးမယ်လို့ ပြောပါတယ်။ သမီး ဝမ်းသာလိုက်တာ ပြောမနေပါနဲ့တော့။ အဲဒီ ညက သမီး ဖတ်နေကျ ကျမ်းစာက အာဖြံဟံ စုံစမ်းခြင်းကို အောင်မြင်တဲ့ အကြောင်းဖြစ်ပါတယ်။ ဖတ်နေကျထက် ပိုများများ ဖတ်ခဲ့ပါတယ်။ စုံစမ်းနောက်ယှက် စိတ်ပျက်ခြင်းကို ဘုရားသခင်က ဝမ်းမြောက် ကခုန်ခြင်း ဖြစ်စေခဲ့တဲ့ အတွက် ကျေးဇူးတော် အထူးချီးမွမ်းပါတယ်။ စာဖတ်ပရိတ်သတ်များ သမီးအတွက် ဆုတောင်း ပေးဖို့ကတော့ ဆရာမရဲ့ သားလေးကို ကောင်းကောင်းထိန်းနိုင်ဖို့ ဉာဏ် ပညာနဲ့ ကျန်းမာခြင်း ရဖို့ ဆုတောင်းပေးပါလို့ နှိုးဆော် သက်သေခံလိုက်ပါတယ်။




ဆောင်းရန့် (နော်ဝင့်ရွှေစင်ထွန်း)





---

**ဂဏန်းဥပမာ** မင်းအောင်သက်လွင်



တစ်ခါက ရွာတစ်ရွာမှာ မုတ်ဆိုးမ တစ်ယောက်ရှိတယ်။ တစ်နေ့တော့ သူဟာ လူကောင်းတွေ နေထိုင်တဲ့ ရွာက ဈေးထဲမှာ ရောင်းတဲ့ ဂဏန်းတွေကို ဝယ်လာ တယ်။ အဲဒီလိုဘဲ အနီးနားမှာ ရှိတဲ့ နောက်ရွာတစ်ရွာက လူဆိုးတွေ နေတဲ့ရွာက ဂဏန်းတွေလဲ ဝယ်လာခဲ့တယ်။ အဲဒီညမှာတော့ ရွာနှစ်ရွာက ဝယ်လာတဲ့ ဂဏန်း တွေကို အိုး တစ်အိုးစီမှာ သပ်သပ်စီ ထဲ့ထားလိုက်တယ်။ နေသာက် တစ်နေ့ မနက် မှာတော့ အိုးနှစ်အိုးစလုံးမှာ ရှိတဲ့ ဂဏန်းတွေထဲက လူဆိုးရွာက ဂဏန်း တွေဟာ တစ်ကောင်မှ မရှိတော့ဘဲ အကုန်လုံး လွတ်သွားတာကိုတွေ့ရပြီး၊ လူကောင်း ရွာထဲက ဝယ်လာတဲ့ ဂဏန်းအိုးထဲက ဂဏန်းတွေကတော့ တစ်ကောင်မှ မလွတ်ဘဲ အကုန်လုံး အိုးထဲမှာ ရှိနေတာကို တွေ့ရပါတယ်။ အဲဒါနဲ့ မုတ်ဆိုးမကြီးက ဗိုက်ဆာဆာ၊ စိတ်ဆိုးဆိုးနဲ့ လူကောင်းရွာက ဂဏန်းတွေ အကုန်လုံးကို ရေဆူဆူ အိုးထဲ ထည့်ပြုတ်ပြီး ငရုတ်သီးစိမ်း စပ်စပ်ကို မကျည်းသီး ချဉ်ချဉ်၊ နံနံပင် အုပ်ထားတဲ့ အချဉ် ရည်နဲ့ အားရပါးရ စားလိုက်ပါတော့ တယ်။

ပုံပြင်လေးက ဒီမှာ ပြီးမသွားပါဘူး။ လူကောင်းရွာထဲက ဂဏန်းတွေက အိုးထဲမှာ အကုန်လုံး ကျန်နေပြီး၊ လူဆိုးရွာက ဂဏန်းတွေ အကုန်လုံး လွတ်သွားတာ အကြောင်းရင်း ရှိပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ လူကောင်းရွာက ဂဏန်းတွေဟာ တစ်ကောင်နဲ့ တစ်ကောင် ကူညီ ယိုင်းပင်းမှု မရှိဘဲ မနာလိုစိတ် ရှိတယ်။ တစ်ကောင်က ကိုယ့်ထက် သာရင် နောက်တစ်ကောင်က မနာလိုတတ်ဘူး။ အိုးထဲ ရောက်နေတဲ့ ဂဏန်းတွေထဲက ထူးထူး ချွန်ချွန် တစ်ကောင်က အိုးနှုတ်ခမ်းပေါ် တက်ပြီး လွတ်ရာလမ်း ရှာရင် ကျန်တဲ့ အကောင်တွေက ဝိုင်းဝန်း မတွန်းတင် ပေးဘဲ အပေါ်ကကောင် အောက်ပြုတ်ကျအောင် ဆွဲချကြ ပါတယ်။ နောက်ဆုံး မိုးသာ စင်စင်လင်းသွားတယ်။ လွတ်ချင်တဲ့ ကောင်က အိုးနှုတ်ခမ်းပေါ် တက် လိုက်၊ ကျန်တဲ့ကောင်တွေက မနာလိုဖြစ်ပြီး ပြန်ဆွဲချလိုက်နဲ့ လုံးလည် ချာလည် လိုက်နေ ပါတော့တယ်။ မနက် မိုးလင်းတော့ တစ်ကောင်မှ မလွတ်ဘဲ အကုန်လုံး ရေနွေး ပူပူထဲ ထည့်အပြုတ်ခံရပြီး ဘဝ နိဂုံးသတ် သွားကြပါ တယ်။

လူဆိုးရွာက ဂဏန်းတွေကတော့ စည်းလုံးညီညွတ်ပြီး မနာလိုစိတ် ကင်းကြပါတယ်။ စွန့်စားတတ်တဲ့ ပထမ တစ်ကောင်ကို အိုး နှုတ်ခမ်းပေါ် ရောက်အောင် အားလုံးက အောက်ကနေ ဝိုင်းဝန်း တွန်းတင်ပေးလိုက်တယ်။ အပေါ်ရောက်နေတဲ့ ကောင်က နောက် တစ်ကောင်ကို အပေါ်ကနေ ဆွဲတင် ကျန်တဲ့ အောက်က ကောင် တွေက အောက်ကနေ အပေါ်ကို တွန်းပို့ တော့ အိုး အပေါ်ကို နှစ်ကောင် ရောက်သွား တယ်။ အဲဒီ နည်းအတိုင်း ဆွဲတင်ကြ၊ တွန်းပို့ ကြနဲ့ တစ်ကောင်ပြီးတစ်ကောင် လွတ်ရာ လွတ်ကြောင်း "စည်းလုံး ညီညာ အောင် ကြောင်းဖြာ" လာလိုက်တာမှ တစ်ကောင်မှ မကျန် အကုန် လုံး မနက် မိုး မလင်း ခင်မှာ လွတ်သွားကြပါတော့တယ်။

အဲဒီလို စည်းလုံးတဲ့ လူဆိုး ဂဏန်းတွေကတော့ လူကောင်း ဂဏန်းတွေလို ရေနွေး ဆူဆူနဲ့ မတွေ့ရဘဲ။ ကြည်လင် အေးမြတဲ့ စမ်းချောင်းရေ အေးအေးလေးနဲ့ လတ်ဆတ်တဲ့ ရေမှော်ပင်တွေကြားမှာ လူးလာ ပြေးလွှားရင်း ကမ်းစပ်က ရွှံ့ထူထူ ကြားက သူတို့နေအိမ် တွင်းလေးထဲမှာ ဘေးကင်းလုံခြုံစွာ နေနေရပါ တော့တယ်။

ဒီပုံပြင်လေးကို ကျွန်တော့်ရဲ့ လုပ်ဖော်ဆောင်ဖက် နိုင်ငံခြားသား တစ်ဦးက သူတို့ နိုင်ငံရဲ့ ရိုးရာပုံပြင်လေး တစ်ပုဒ်အဖြစ် အလုပ်လုပ်ရင်း ပြောပြ သွားတာ ဖြစ်ပါတယ်။ ဒီပုံပြင်လေးကို နားထောင်နေရင်း ကျွန်တော် ကြက်သီး ဖြန်းဖြန်းထ လာပါတယ်။ ပုံပြင်လေးရဲ့ နောက်ကွယ်မှာ မိသားစု စိတ်ဓါတ် တွေ။ မေတ္တာတွေ။ စည်းလုံးညီညွတ်မှုတွေ စတဲ့ နက်ရှိုင်းတဲ့ အရာတွေ ပါပါတယ်။

ဒီပုံပြင်လေးကို ကျွန်တော့် သူငယ်ချင်း ပြောပြတာ အကြောင်း ရှိပါတယ်။ တစ်နေ့ သူနဲ့ ကျွန်တော် စကားစပ်မိရင်း စင်ကာပူ အလုပ်အကြောင်း ပြောမိ ကြပါတယ်။ သူက အရင်တုံးက နိုင်ငံခြားသားပါ။ work permit နဲ့ စင်ကာပူမှာ အခြေ ခံ အလုပ်သမားအဖြစ် အလုပ်လုပ်နေတုံး တစ်နေ့မှာ သူနဲ့ နိုင်ငံချင်းတူ၊ လူမျိုးတူ သူငယ်ချင်း တစ်ဦးနဲ့ ကုမ္ပဏီ တစ်ခုတည်းမှာ အတူတူ အလုပ်လုပ်ရင်း PR (Permenent resident) လျှောက်ဖို့ သူဌေးကို သူတို့ အလုပ် ထောက်ခံစာမှာ ဆိုင်းထိုးဖို့ အတူတူ တိုင်ပင်ပြီး လုပ်ထားကြတယ်။ သူဌေးဆီ အတူတူ သွားဖို့ တိုင်ပင်ပြီးကာမှ သူ့ သူငယ်ချင်းက သစ္စာဖောက်ပြီး သူ့ထက် ဦးအောင် သူဌေးဆီ သွား ဆိုင်းထိုး လိုက်ပါတယ်။ နောက်တော့ သူ့ကို လိမ်ပြော ပါတယ်။ သူဌေးက PR တင်ဖို့ ဆိုင်း မထိုးပေးဘူး မသွားနဲ့တဲ့။ တကယ်တော့ သူဌေးက သဘော ကောင်းလွန်းအားကြီးပြီး ထိုးပေးလိုက် ပါတယ်။ သူက သူငယ်ချင်း စကားကို ယုံလို့ ဆိုင်း မထိုး PR မတင်ဘဲ နေလိုက်တာ PR မကျဘူး။ သူ့ သူငယ်ချင်းကတော့ ကောင်းစားပြီး PR ရသွားပါတယ်။ လူမျိုးတူ သူငယ်ချင်းက မကူညီဘဲ သစ္စာ ဖောက်ခံရတာဖြစ်ပါတယ်။

ကျနော် အရင်တုံးက လုပ်ခဲ့တဲ့ ကုမ္ပဏီမှာ မြန်မာလူမျိုး အလုပ်သမားတွေ အများကြီး ရှိပါတယ်။ မြန်မာ အားလုံးဟာ ကိုယ့် ပညာနဲ့ကိုယ်၊ ကိုယ့် အစွမ်းအစနဲ့ ကိုယ် ရိုးရိုး သားသား လုပ်ကိုင် စားသောက်ကြပေမဲ့ တစ်ယောက်သော မြန်မာ ကတော့ သူဌေး ကတော်နဲ့ ပေါင်းပြီး မြန်မာ အချင်းချင်း ချောက်တွန်း၊ ဂုံးချောပြီး သူကြီးပွားအောင် သူဌေး ကြိုက်အောင် ပိုက်ဆံ များများရအောင် လုပ်ခဲ့ပါတယ်။ သူကိုယ်တိုင်က ဖဲကစား၊ အရက်သောက်၊ မြာပွေ တတ်သူဖြစ်ပေမဲ့ သူဌေးရှေ့မှာ သူ ဘာမှ မလုပ်တတ်သလို၊ လူကောင်းလို ဟန်ဆောင်ပြီး တခြားသူတွေက မဟုတ်တာ အကုန်လုပ်တဲ့အကြောင်း မကောင်းပြော မျက်နှာ ရအောင် လုပ်ခဲ့ပါတယ်။ ဘာ အတတ်ပညာမှ မတတ်တဲ့ သူ့ညီလေး ကိုလဲ အလုပ် ရအောင် သွင်းပေးခဲ့ပါတယ်။ သူ့ကြောင့် အလုပ်ပြုတ်သွားသူတွေ။ ဒုက္ခရောက် သွားသူတွေ။ အနိမ်ခံရတဲ့သူတွေ မနည်းပါဘူး။ နောက်ဆုံး အဲဒီလို မကောင်းကြံသူရဲ့ ရလဒ်ကတော့ သူ့ညီ ကိုယ်တိုင် မကောင်းတဲ့ မိန်းမနဲ့ သွားအိပ်ပြီး အလုပ်မဆင်းနိုင်တဲ့ တစ်နေ့မှာ အလုပ် ပြုတ်ပြီး မြန်မာပြည်ကို ချက်ခြင်း ပြန်ပို့ခံထိသွားပါတော်။ ရိုးရိုး မပြန်ရဘဲ ဂိုဏ်းစတား လူဆိုးဂိုဏ်းကို ငှားပြီး ထွက်မပြေးအောင် ပြန်ပို့လိုက်တာ ဖြစ်ပါတယ်။ သူကိုယ်တိုင်လဲ အလုပ် သက်တမ်းတိုး မရလို့ ခနခန စတေးရှောင်ရတဲ့ ဘဝကို ရောက်သွားပါတယ်။ ကျနော့်ရဲ့ သူငယ်ချင်း ပုံပြင်ပြောပြသူ ဆိုလိုတဲ့ အဓိပ္ပါယ်ကတော့ သူ့ လူမျိုး အချင်းချင်း မကူညီဘဲ လူမျိုး တူသူ ချင်းက သူများ ကိုယ့်ထက် ကောင်းစားပြီး ကိုယ့်ထက် သာမှာကို မနာလို တတ်တဲ့ အကြောင်းဘဲ ဖြစ်ပါတယ်။ အိုးထဲ ထည့်အပြုတ်ခံ ထိတဲ့ ဂဏန်းလေး တွေလို မဖြစ်ဖို့ သတိပေး ဆောင်းပါးလေး ရေးသားတင်ဆက်လိုက်ပါတယ်။ ။

**မင်းအောင်သက်လွင်**



မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည်။ (နိုင်ငံရေး၊ လူမျိုးရေး၊ ဂိုဏ်းဂန နှင့် ငြိစွန်း ပါတ်သက်သော စာမူများကို လုံးဝ လက်မခံပါ )
Min Aung Thet Lwin, Blk 76A #30-02, Red hill road, Singapore 151076
E-mail; thelordword@gmail.com (( Phone (65) 81222320 ))
((သခင့်စကား စာစောင်ကို www.jbcs.org.sg တွင် အခမဲ့ ဖတ်ရှုနိုင်ပါသည် ))
မင်း အောင် သက် လွင် စီ စဉ် ထုတ် ဝေ သည်